# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ် (၂၉၂)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့၏ မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်

နေပြည်တော် ဇူလိုင် ၂၃

မိမိတို့၏မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသူ၊ ကျောင်းသားဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သည့်အတွက် နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာကြရေး ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့မွန်းလွဲပိုင်းတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မယွန်းနဒီအောင် အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

### သတင်းထုတ်ပြန်ချက်

## ရန်ပုံငွေလက်ကျန်မှ ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား ထုတ်ချေးပေးနိုင်ရေးဆောင်ရွက်မည်

၁။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသည် ကိုဗစ် ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အသုံးစရိတ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ် ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စနစ်တကျစိစစ်သုံးစွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ရှိ ရန်ပုံငွေ လက်ကျန်မှာ ကျပ် ၄၉၁. ၉၇၈ ဘီလီယံဖြစ်ပါသည်။

၂။ ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေမှာ များစွာကျဆင်းသွားပြီဖြစ်ရာ ကိုဗစ် ၁၉ ကပ်ရောဂါနှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ❒




မြန်မာ့အလင်း

# အေးချမ်းလုံခြုံရာ နေ့စဉ်ဘဝများဆီ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများနှင့် စပ်လျဉ်း၍ ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုမှုများကို လျစ်လျူရှုငြင်းဆန်မှုများ၊ အငြင်းပွားမှုများကို မရှင်းလင်းသေးပဲ လွှတ်တော်ကိုခေါ်ယူကာ နိုင်ငံတော်အာဏာကိုရယူရန် ကြိုးပမ်းမှုများက ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကိုအရေးပေါ် အခြေအနေ ကြေညာရခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရ ပေါ်ပေါက်လာရခြင်းတို့၏ အဓိကအကြောင်းတရားများသာ ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ရှင်းလင်းစွာချပြထားပြီး "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်ထားပြီးလည်း ဖြစ်သည်။

CRPH ၊ NUG အကြမ်းဖက်အုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ကိုင်စွဲကာ တော်လှန်ရေးအမည်ခံအကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့၏ ပစ်မှတ်များမှာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိဘဲ လုပ်ကြံရန် အလွန်လွယ်ကူသည့် အရပ်ဘက်ပစ်မှတ်များဖြစ်သော နိုင်ငံ့ဝန်ထမ်းများ၊ ၎င်းတို့နှင့်သဘောထားမတူသော အရပ်သူအရပ်သားများ၊ ရဟန်း သံဃာ သီလရှင်များဖြစ်ပြီး တစ်ခါတစ်ရံ ၎င်းတို့အား ထောက်ခံသူများကိုပင် မှားယွင်းသတ်ဖြတ်မှုများ ပါဝင်ကြောင်း တွေ့ရှိရသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ စစ်အာဏာရှင်အမြစ်ဖြတ်ရေးဟူသော မရေမရာခေါင်းစဉ်ဖြင့် ပြည်ပနိုင်ငံများ၌ အလှူခံတောင်းရမ်းမှုများ ဗွက်ပေါက်လာသလိုတောတွင်းရောက်နေသူများ၏ ဒုက္ခသုက္ခများ၊ ငိုကြွေးသံများ၊ အပြန်အလှန် ဆဲရေးတိုင်းထွာသံများဖြင့် နိုင်ငံခြားကို အတုယူမှီငြမ်းကာ ကဗျာဆန်ဆန်အမည်ပေးထားသည့် တော်လှန်ရေးဆိုသည်မှာလည်း လွန်စွာရုပ်ပျက်ဆင်းပျက် ဖြစ်လာနေပြီ ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် နယ်စပ်ဒေသများနှင့် EAO များ၏ ဒေသများအပါအဝင် ပြည်တွင်းပြည်ပများသို့ ရောက်ရှိနေကြသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ကာ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်လိုသူများကို နိုင်ငံတော်က အာမခံချက်ပေး၍ ဖိတ်ခေါ်လျက်ရှိရာ ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိနေသည်။ နိုင်ငံတော်အစိုးရကလည်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်လူရွယ်များသည် နိုင်ငံတော်၏ အနာဂတ်အင်အားများပင်ဖြစ်ရာ တောတွင်းသို့သွားပြီး ဘဝကိုနစ်မွန်းစေမည့် အစား မိမိတို့၏ ပညာရေးမပြီးဆုံးသေးပါက ပညာကိုဆက်လက်သင်ယူခြင်း၊ ပညာသင်ယူမှု ပြီးဆုံးပြီးသူများအနေဖြင့်လည်း မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများဖြင့် နိုင်ငံတော်တည်ဆောက်ရေး၌ တစ်တပ်တစ်အားပါဝင်ခြင်း၊ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လိုပါကလည်း အသိဉာဏ်ပညာမြင့်မားစွာဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရန် မိမိကိုယ်ကိုယ် ဖြည့်ကျင့်ခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အချိန်ကြာမြင့်သည်နှင့်အမျှ ထိခိုက်နစ်နာဆုံးရှုံးမှုတို့ များပြားလာမည်သာဖြစ်ရာ မိမိတို့အတွက် အချိန်မနှောင်းမီ ကြိုဆိုလက်ခံရေး စခန်းအသီးသီး၊ အသင်းအဖွဲ့အသီးသီး၊ ရုံးဌာနအသီးသီးဆီသို့ ဆက်သွယ်ဆောင်ရွက်ကာ အေးချမ်းလုံခြုံရာ နေ့စဉ်ဘဝများဆီ ပြန်လည်လာရောက်နိုင်ကြပါစေကြောင်း။ ။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၃

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ရတနာကျောင်းတိုက်၊ တွံတေးမြို့နယ် အလံအုပ်ကျေးရွာရှိ ကျိုက်ပါဓမ္မသုခကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စိန်ကုန်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာရှိ ဓမ္မအောင်လံ ပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



နေပြည်တော် ဇူလိုင် ၂၃

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် (အပေါ်ယာပုံ)နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ စာပေအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် စာပေအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းတွင် ပြုလုပ်ရာ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံအားကစားသတင်းမီဒီယာ အဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ယနေ့မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသည့် သတင်းအမှန်များနှင့် သတင်းအတု သတင်းမှားများကို သတင်းမီဒီယာသမားများ၊ သတင်းဌာနများအနေနှင့် မှန်ကန်စွာ သုံးသပ်အတည်ပြု ဖြန့်ချိနိုင်ရေး၊ ပြည်သူတို့ထံ သတင်းအမှန်များ အချိန်မီရောက်ရှိနိုင်ရေး၊ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် လုပ်ကြံသတင်းများကို အမှန်အတိုင်း သိရှိနိုင်အောင် မိမိတို့သတင်းဌာနများမှတစ်ဆင့် ဖော်ထုတ်တင်ပြနိုင်ရေး၊ သတင်းမီဒီယာသမားများ လိုအပ်သည့်အကူအညီများရှိပါက ကောင်စီသို့ညှိနှိုင်းတင်ပြရေးများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် အသင်းအဖွဲ့များက မိမိတို့အသင်းအဖွဲ့များအလိုက် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးသည်။

ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌက ပြန်လည်ညှိနှိုင်းအကြံပြု ဆွေးနွေးပေးပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေအဖွဲ့အစည်းအသီးသီးသို့ အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၁၀၀၀ ထောက်ပံ့ကူညီလှူဒါန်းရာ အဆိုပါထောက်ပံ့ငွေများကို မူလအလှူရှင်၏ ရည်မှန်းချက်အတိုင်း မိမိတို့အသင်းအဖွဲ့များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး စနစ်တကျ အသုံးပြုသွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

မြန်မာ့အလင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❂ *ရွှေဖုံးမှ*

နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဆုရ စစ်သည်များ၊ ကျောင်းသား၊ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ဆရာမများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### စုပေါင်းချီးမြှင့်ပေးအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မျိုးဆက်သစ်မောင်မယ်များအနေဖြင့် ပညာကို မြတ်နိုးပြီး ကြိုးစားချင်စိတ်များ ပိုမိုပေါ်ထွန်းလာစေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ပြုဆုများကို နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့ကာလတိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ယခင်နှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေများကြောင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပပြုလုပ်နိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင်(၂)နှစ်စာ စုပေါင်းချီးမြှင့်ပေးအပ်ခြင်းပင်ဖြစ်ကြောင်း။

**"ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး"** ဟူသည့်ဆိုရိုးများသည် ပညာ၏ အရေးပါမှုကို ဖော်ညွှန်းထားခြင်းဖြစ်သကဲ့သို့ အခြားဆောင်ပုဒ်များ၊ ကဗျာ၊လင်္ကာများဖြင့်လည်း ပညာ၏အခန်းကဏ္ဍများကို ဖော်ပြခဲ့ကြကြောင်း၊ ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့်လျော်ညီသည့် ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများကိုပြုစုပြီး ဟန်ချက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သကဲ့သို့ ဆရာများ၏ အရည်အသွေးများ တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်များဖြစ်သည့် မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အဦစသည်များ ကောင်းမွန်စေရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

### ပညာရေးရင်းနှီးမြှုပ်နှံမှု

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ် (Humen Resources) ကို အဓိကအဖြစ် လက်ခံထားကြကြောင်း၊ လူသားအရင်းအမြစ်ဟူသည် "ပညာ" အပေါ် အဓိကမူတည် တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ဂ) အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်၊ ပုဒ်မ ၃၆၆ အရ **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနဲ့အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်"**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအပေါ် အခြေခံပြီး မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို လေ့လာဆန်းစစ်ကြည့်သည့်အခါတွင် ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်း စတင်တက်ရောက်ခဲ့ပြီး

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်ဆုရရှိသည့် မောင်ဇေလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်ဟိန်းထက်ဇော်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

၁,၁၈၇,၃၆၂ ဦးရှိကြောင်း၊ မူလတန်းအောင်မြင်၍ အလယ်တန်းအဆင့် ပဉ္စမတန်းသို့ တက်ရောက်နိုင်သူ ၈၀၈,၈၇၈ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၈ ဒသမ ၁၂ ရာခိုင်နှုန်းသာ တန်းစဉ်ကူးပြောင်းခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းသည် မူလတန်းအဆင့်မှာပင် ကျန်ခဲ့ကြောင်း။

**အောင်မြင်မှုရာခိုင်နှုန်း**

အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် နဝမတန်းသို့ တက်ရောက်နိုင်ခဲ့သူ ၅၈၅,၁၈၂ ဦး ရှိသည့်အတွက် စတင်ကျောင်းနေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းရှိပြီး ၅၀ ဒသမ ၇၂ ရာခိုင်နှုန်း ကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နဝမတန်းမှ တက္ကသိုလ်ဝင်တန်း တက်ရောက်နိုင်သူသည် ၂၃၂,၁၄၈ ဦးရှိသဖြင့် စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၄၅ ရာခိုင်နှုန်း ကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုရာတွင် ကျောင်းတွင်း၊ ပြင်ပ ဖြေဆိုအင်အား စုစုပေါင်း ၂၈၁,၇၅၁ ဦးရှိပြီး အောင်မြင်သူ ၁၃၂,၀၇၇ ဦး အောင်မြင်သည့်အတွက် အောင်မြင်မှု ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

**ပညာတတ်အင်အားများစွာ လိုအပ်**

ထို့ကြောင့် တန်းစဉ်ကူးပြောင်းနိုင်မှုမရှိဘဲ လျော့နည်းသွားသည့် အင်အားသည် မူလတန်းတွင် ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် အလယ်တန်းတွင် ၂၇ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း၊ **ယခု ၁၀ နှစ်ကာလအတွင်း၌ ပညာရေးအခြေအနေသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကို ကျော်လွန်ပြီး အထက်တန်းအဆင့်၊ တက္ကသိုလ်တက်ရောက်နိုင်သည့် အဆင့်ရှိသူ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်ဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာဆိုပါက နိုင်ငံအတွက် လိုအပ်သည့်ပညာတတ်အင်အားများစွာ လိုအပ်ချက်ရှိနေသည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်**ကြောင်း။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိရာ၌ အချို့သော တပ်မတော်ပညာရေး ကျောင်းများနှင့် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများသည် ကျောင်းအလိုက် အောင်ချက် ၄၅ ရာခိုင်နှုန်းအထက်ရှိပြီး တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်းဖြစ်သည့် အ.ထ.က(၂) မင်္ဂလာဒုံသည် အောင်ချက် ၈၈ ဒသမ

> ❖ **ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့်လျော်ညီသည့် ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများကိုပြုစုပြီး ဟန်ချက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သကဲ့သို့ ဆရာများ၏အရည်အသွေးများ တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးခဲ့**
>
> ❖ **နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ် (**Humen Resources**)ကို အဓိကအဖြစ် လက်ခံထားကြ၊ လူသားအရင်းအမြစ်ဟူသည် "ပညာ" အပေါ် အဓိကမူတည် တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြသည်ကို တွေ့ရှိရမည်**

၃၈ ရာခိုင်နှုန်း၊ တပ်မတော်ပညာရေးကျောင်းများအတွင်း၌ အမှတ်(၂) ပညာရေးကျောင်းသည် ၈၈ ဒသမ ၂၄ ရာခိုင်နှုန်းနှင့် အသီးသီးအောင်မြင်ခဲ့ကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရကြောင်း။

**စံနမူနာယူအားထုတ်**

ထို့ကြောင့် အ.ထ.က(၂) မင်္ဂလာဒုံနှင့် အမှတ်(၂) ပညာရေးကျောင်းတို့မှ အစပြု၍ အောင်ချက်မြင့်မားသည့်ကျောင်းများက သက်ဆိုင်သူ အားလုံးတို့၏ ကြိုးစားအားထုတ်မှုပိုင်းကို ချီးမွမ်းဂုဏ်ယူပါကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ကျဆင်းနေသေးသည့် ကျောင်းများအနေဖြင့်လည်း အလားတူ အောင်မြင်မှုမျိုးရရှိကြရေးအတွက် စံနမူနာယူ အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း။

**ချီးမြှင့်ထိုက်သူများကို ဂုဏ်ပြု**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် တက္ကသိုလ် ဝင်တန်းအောင်မြင်ခဲ့သူ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းသားသမီးများ၏ အောင်မြင်မှုများကို ကြည့်လိုက်မည်ဆိုပါက (၆)ဘာသာ ဂုဏ်ထူးရှင် ၈၃ ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင် ၁၉၁ ဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင် ၂၇၄ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၄၂၇ ဦး၊ (၂)ဘာသာဂုဏ်ထူး ၇၉၀ ဦး၊ (၁)ဘာသာဂုဏ်ထူး ၂,၉၀၉ ဦး ရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် (၃)ဘာသာ ဂုဏ်ထူးရစစ်သည် ၁ ဦး၊ (၂)ဘာသာဂုဏ်ထူးရ စစ်သည် ၆ ဦး၊ (၁)ဘာသာဂုဏ်ထူးရ စစ်သည် ၁၃၄ ဦးရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဘက်စုံထူးချွန်သူ ၃၅ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ဆုရရှိသူ ၁၁ ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသူ ၈၅ ဦးရရှိကြသည့်အတွက် နှစ်စဉ်ပညာရေးအောင်မြင်မှု တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

**ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မည်**

**ယနေ့ အခမ်းအနားတွင် (၆)ဘာသာဂုဏ်ထူးရရှိသူ ၇၅ ဦး၊ (၅)ဘာသာ ဂုဏ်ထူးရရှိသူ ၁၇၈ ဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၆ ဦးနှင့် ဘက်စုံထူးချွန် သူ ၁၆ ဦးတို့ကို ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်**ကြောင်းနှင့် ပညာထူးချွန်ကြသူများအပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်း ကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်း သားသမီးများအတွက် တပ်မတော်မှ တက္ကသိုလ်ပညာသင်ဆုများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်မှုရမှတ်များအလိုက် အမှတ်အများဆုံးရရှိသူများကို ရွေးချယ်ချီးမြှင့်ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံထူးချွန်သူများ၊ ရေကြောင်းတက္ကသိုလ်နှင့်လေကြောင်းတက္ကသိုလ်တို့အတွက် တက္ကသိုလ်ပညာသင်ဆုရရှိသူ စုစုပေါင်း ၄၈၉ ဦးကို ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

**တပည့်ကောင်းဖြစ်အောင်ကြိုးစား**

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်နှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့် ဘဝအနာဂတ်ခရီးတွင်လည်း မောင်တို့မယ်တို့ ကျောင်းခန်းထဲတွင် တွေ့ခဲ့ရသည့် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့် ဆောင်ပုဒ်လေးကို မမေ့မလျော့ဘဲ နေသွားကြရန် လိုအပ်ကြောင်း၊ မောင်တို့မယ်တို့သည် မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့် တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသောကြောင့် ယခုကဲ့သို့ အခမ်းအနားကြီးကို တက်ရောက်ခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ကျောင်းသူ၊ ကျောင်းသားဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သောကြောင့် နောင် အနာဂတ် အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေး တိုက်တွန်းမှာကြားလိုကြောင်း။

**ပညာသင်ကြားခွင့်ရရေး**

ကမ္ဘာကြီးဖြစ်ပေါ် တိုးတက်လာမှုသည် လူသားများ၏ တီထွင်ကြံဆမှုများကြောင့်ပင်ဖြစ်ကြောင်း၊ ခေတ်အလိုက်ပြောင်းလဲလာသည့် စက်မှုကဏ္ဍ၊ နည်းပညာကဏ္ဍ၊ အာကာသဆိုင်ရာပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာ ပညာရပ်များသည် ပညာမှတစ်ဆင့် မြစ်ဖျားခံခဲ့ခြင်းဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်ဦးတည်ချက်(၉)ရပ်ထဲတွင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့်အချက်ကို မောင်တို့မယ်တို့ တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်းစာရင်းများအရ နိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့်အထိသာ ပညာသင်ကြားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရကြောင်း။ ထို့ကြောင့် စနစ်သစ်ပညာရေးကို KG+12 ထိ ဖော်ဆောင်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဥပဒေအရ မူလတန်းပညာ မသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG+9 အခြေခံပညာလယ်တန်းအဆင့်အထိ ကျောင်းနေအရွယ် ကလေးစေအောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ မိမိတို့၏ မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ၂၀၁၉–၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူး (၅) ဘာသာနှင့်အထက်အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး တတိယဆုနှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက် အကောင်းဆုံးပထမဆုတို့ ရရှိသည့် အမှတ်(၂) ပညာရေးကျောင်း(မိတ္ထီလာ)၊ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုနှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး တတိယဆုတို့ ရရှိသည့် အမှတ်(၅) ပညာရေးကျောင်း (တောင်ငူ)တို့မှ ကျောင်းအုပ်ကြီးများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က **ဘက်စုံပညာထူးချွန်လူငယ်ဆု** ရရှိသည့် ဒုတိယဗိုလ်မှူးကြီး အောင်မင်း ၏ သား မောင်ဇေလင်းထက်၊ အုပ်ခွဲတပ်ကြပ်ကြီး မင်းအောင်၏ သား မောင်ရဲရင့်မင်းထက်၊ ဗိုလ်ကြီး သက်နိုင်ဝင်း(အငြိမ်းစား)၏ ဇော်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း ၏ သား မောင်ရန်နိုင်အောင်၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်း ဦးအောင်မြင့် ၏ သမီး မယွင်ဝေသာလီ တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အမှတ်(၁၁) ပညာရေးကျောင်း(မုံရွာ)၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် အမှတ်(၉) ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများကိုလည်းကောင်း၊ တပ်မတော်အခြေခံပညာအထက်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မထက်ဝေဖြိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဘက်စုံပညာထူးချွန်ဆု ရရှိသည့် မောင်ရန်လင်းအောင် အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

ငယ်တိုင်း ပညာသင်ကြားခွင့်ရရေးနှင့် အောင်မြင်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"** ဟူသည့် မာဃဒေဝလင်္ကာလေးအတိုင်း ပညာ၏တန်ဖိုးကို သိနားလည်မှုနှင့်အတူ မိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစားလျှောက်လှမ်းသွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝရုံတင်မဟုတ်ဘဲ သန့်ရှင်းဖြူစင်သည့်ကိုယ်ကျင့်တရားများ ရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ထိုမှသာလျှင် မိမိတို့ တတ်မြောက်ပြီးသား ပညာရပ်များကို မှန်ကန်စွာအသုံးချနိုင်သူများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင်လည်း ယုံကြည်ချက် ခံယူချက်ကောင်းများနှင့် ပညာကို ဆက်လက်ကြိုးစားသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ကို နှလုံးသွင်းပြီး အတတ်ပညာများကို ဆည်းပူးသကဲ့သို့ အသိပညာပိုင်းဆိုင်ရာတွင်လည်း အားနည်းမှု မရှိပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများနှင့် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံးပထမဆုရရှိသည့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ) အောင်ဆန်းသူရိယ လှသောင်းကျောင်း၊ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် အခြေခံပညာ အထက်တန်းကျောင်း (ရွှေနတ်တောင်)တို့မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများကို လည်းကောင်း။

**ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်း ပေးအပ်**

၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် တပ်မတော်သမီး မသွန်းပိုးရတီ၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် **(၆) ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်** ဗိုလ်မှူးကြီး ဒေါ်တင်မာရီ၏ သား မောင်ပြေလင်းသန့်၊ ဗိုလ်ကြီး ကျော်ကျော်အောင်(အငြိမ်းစား)၏ သမီး မပန်းပြည့်သခင်၊ ဒုတိယအရာခံဗိုလ် တင်ထွန်း၏ သမီး မယွန်းနဒီအောင် တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က **ဘက်စုံပညာထူးချွန်လူငယ်ဆု** ရရှိသည့် တပ်ကြပ်ကြီး/စာရေး တင်နိုင်၏ သမီး မရွှန်းလဲ့မောင်၊ ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၏ သမီး မမေဆင်းသစ်၊ ဒုတိယအရာခံဗိုလ် သန်းဇော်၏ သမီး မရွှေပြည့်လျှံဦး၊ ဒုတိယဗိုလ်မှူးကြီး တင်ဇော်လတ်၏ သား မောင်မြတ်မင်းသန့်၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်း ဒေါ်ဆွေဆွေဝင်း ၏ သမီး မမြတ်မိုးသူ၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တွင် **(၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်** ဒုတိယဗိုလ်မှူးကြီး သာမိုး ၏ သမီး မမိုးပြည့်သစ္စာနိုင်၊ ဒုတိယဗိုလ်မှူးကြီး သာထူးဝင်း ၏ သမီး မညီလွဲ့နဒီ၊ ဗိုလ်မှူးကြီး မင်းမင်းထွန်း၏ သား မောင်ဟိန်းထက်တန်းကျောင်းများမှ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး တတိယဆုရရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)နှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း (သိန်းနီ) တို့မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်ပြီး **ဘက်စုံပညာထူးချွန်လူငယ်ဆု** ရရှိသည့် အရာခံဗိုလ် သန်းဝင်းခိုင် ၏ သား မောင်မင်းခန့်သွေး၊ ဗိုလ်ကြီး ကြည်အောင်(အငြိမ်းစား) ၏ သမီး မထက်နန္ဒာလင်း၊ ဗိုလ်ကြီး ဝင်းဆွေ(အငြိမ်းစား)၏ သား မောင်ဇင်မိုးမြင့်၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် **(၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်** ဗိုလ်မှူး ခင်မောင်တင့် ၏ သမီး မသိမ့်ရွှန်းလက်၊ ဒုတိယတပ်ကြပ် ကျော်သန်းနိုင် ၏ သမီး မထက်ဝေဖြိုး၊ ဒုတိယတပ်ကြပ် မျိုးသက်နောင် ၏ သား မောင်မြမင်းသွင် တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

*စာမျက်နှာ ၅ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ် က **ဘက်စုံပညာထူးချွန်ဆုရရှိသူ** ဗိုလ်မှူးကြီး နေဝင်းအောင် ၏ သမီး မမေပီတိအောင်၊ အရာခံဗိုလ် အောင်ကြည် ၏ သား မောင်ရန်လင်းအောင်၊ ဗိုလ်ကြီး မင်းဝေ(အငြိမ်းစား) ၏ သမီး မဖူးပြည့်ကိုကို၊ ဒုတိယအရာခံဗိုလ်/စာရေး ဆန်းမင်းဦး ၏ သမီး မခိုင်ခိုင်မင်းဦး၊ တပ်ကြပ်ကြီး/သားဖွား ဒေါ်မိုးစန္ဒာ ၏ သမီး မခင်သံသာ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် **(၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်** ဗိုလ်မှူးကြီး ဇော်လွင် ၏ သမီး မသင်းမြတ်ရတီ၊ ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ၏ သမီး မမြင့်မြတ်သွယ်၊ အရာခံဗိုလ် ကြည်စိုး ၏ သမီး မသန့်ရတီအောင်၊ ဒုတိယအရာခံဗိုလ်/စာရေး မင်းကြည်လေး ၏ သမီး မသူသူနှင်း၊ ဗိုလ်ကြီး အောင်ရဲထွန်း(အငြိမ်းစား) ၏ သမီး မမြသက်ချယ်တို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက (၆)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၏ ဇနီးက (၆)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း က (၆)ဘာသာဂုဏ်ထူးရှင် ၉ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ ဇနီးက (၆)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း က (၆)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် က (၆)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး က (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၏ ဇနီးက (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီးက (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က (၅)ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ က (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် က (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း က (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က (၅) ဘာသာဂုဏ်ထူးရှင် ၉ ဦးကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၏ ဇနီးက (၅)ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် က (၅)ဘာသာဂုဏ်ထူးရှင် ၉ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ၏ ဇနီးက (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် က (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ၏ ဇနီးက (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး က (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား) က (၅)ဘာသာဂုဏ်ထူးရှင် ၁၀ ဦးကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း က (၂) ဘာသာဂုဏ်ထူးရှင် စစ်သည် ၆ ဦးကို လည်းကောင်း ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား ဘက်စုံပညာထူးချွန်ဆုရ မရွှေပြည့်လျှံဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

*စာမျက်နှာ ၇ သို့*

- **ယခု ၁၀ နှစ်ကာလအတွင်း၌ ပညာရေးအခြေအနေသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကို ကျော်လွန်ပြီး အထက်တန်းအဆင့်၊ တက္ကသိုလ်တက်ရောက်နိုင်သည့် အဆင့်ရှိသူ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်ဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာဆိုပါက နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်အင်အားများစွာ လိုအပ်ချက်ရှိနေသည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်**
- **ကျောင်းသူ၊ ကျောင်းသားဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သောကြောင့် နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေး တိုက်တွန်းမှာကြားလို**

*စာမျက်နှာ ၆ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း မြဝတီခေတ်ပေါ်တေးဂီတအဖွဲ့က လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များက ဆုရ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်သည် ၁၇၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်သည် ၇ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ကျောင်းသား၊ ကျောင်းသူ ၃၁၉၅ ဦး၊ တက္ကသိုလ်ပညာ လူငယ်ထူးချွန်ဆုရရှိသူ ၂၀၃ ဦး၊ နိုင်ငံတော်အဆင့် ကာတွန်း၊ ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသူ ၂၉ ဦးနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူ ၄၈၉ ဦး၊ စုစုပေါင်း ၄၀၉၇ ဦးကို နေပြည်တော်တွင် အခမ်းအနားဖြင့်လည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူ ၅၄၀၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူ ၁၅၃၆ ဦး၊ စုစုပေါင်း ၆၉၃၉ ဦးကို တိုင်းစစ်ဌာနချုပ်များတွင် အဝေးရောက်ဂုဏ်ပြုဆုများဖြင့် လည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့အခမ်းအနားတက်ရောက်သည့် ၅ ဘာသာဂုဏ်ထူးနှင့်အထက် အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများသာမက တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၉၀၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၇၉၀၊ သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၂၇ ဦး၊ လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၇၄ ဦး၊ သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် ၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည် ၁၃၄ ဦး၊ ဘက်စုံထူးချွန်လူငယ် ၁၇ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းများတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသူ ၈၅ ဦး စုစုပေါင်း ၄၆၄၈ ဦးတို့ကိုလည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**လေ့လာရေးခရီးစဉ်များစေလွှတ်**

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတကာဗဟုသုတတိုးပွားစေရန်၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် အသိပညာများ သိရှိစေရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများသို့ နှစ်စဉ် လေ့လာရေးခရီးစဉ်များ စေလွှတ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများအနက် အမှတ်အများဆုံးရရှိခဲ့သူ ၃၀၊ စစ်သည် ၃ ဦး၊ အောင်ချက်အကောင်းဆုံး တပ်မတော်အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ချုပ်သူအရာရှိ ၂ ဦးတို့ကိုလည်း စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



ဘက်စုံပညာထူးချွန်ဆုရ မရွှေပြည့်လျှံဦး ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

❐ *ရှေ့ဖုံးမှ*

နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ ထိခိုက်ကျဆင်းခဲ့ရသော နိုင်ငံတော်၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါ ရန်ပုံငွေ လက်ကျန်မှ ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်လျက်ရှိသော စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာလုပ်ငန်းများနှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ပေးနိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အတိုးနှုန်းသက်သာသော ချေးငွေများကိုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စိစစ်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ဆီဆိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဆီဆိုင် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဇူလိုင် ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လွယ်ပွတ်ကျေးရွာအုပ်စု ထီရီးကျေးရွာရေထွက်နှင့် နောင်ဘန်ရေကန်သို့ လည်းကောင်း၊ တောင်ရှေ့ကျေးရွာအုပ်စု ခိုဖွန်းရေထွက်သို့ လည်းကောင်း၊ ထီဖွကျေးရွာနှင့် ထီနဲ့ကျေးရွာအကြား လမ်းပိုင်းပျက်စီးမှုမရှိစေရေး ဆောင်ရွက်နေမှုကိုလည်း ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာရေပေးဝေနိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဥက္ကဋ္ဌသည် ဆီဆိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိတို့နှင့်တွေ့ဆုံ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လမ်းဦးစီးဌာနပိုင်လမ်းများနှင့်ပတ်သက်၍ လုပ်ငန်းလျာထားမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

**မျိုးမြတ်**
**(ဆီဆိုင်)**

# ပျဉ်းမနား၌ ဆီကုန်သည်အသင်းဝင်ကကျေးရွာအရောက် စားသုံးဆီဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ပျဉ်းမနား ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေနေပြည်တော် စားသုံးသူရေးရာဦးစီးဌာနမှ ဆီကုန်သည်အသင်းဝင်များဖြင့် ပူးပေါင်း၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

**ဆီပိဿာချိန် ၄၄၀ ရောင်းချ**

အဆိုပါရောင်းချမှုတွင် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်စောမာလာနွယ်၊ ပျဉ်းမနားမြို့ အာဟာရသုခဈေးမှ ဆီကုန်သည်အသင်းဝင် ဦးပြည့်ဖြိုးအောင် (ကိုပြည့်ဖြိုးအောင်+မနန်းနေခြည်ဦး)ဆီပွဲရုံမှ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာနှင့် သူဌေးကုန်းကျေးရွာသို့ သွားရောက်၍ ပြည်သူများအား မီးဖိုချောင်သုံးဆီဈေးနှုန်းသက်သာစွာဖြင့် စားသုံးသူလက်ဝယ်အရောက် ရောင်းချပေးလျက်ရှိရာ စားသုံးဆီတစ်ပိဿာလျှင် ၃၉၀၀ ကျပ်နှုန်းဖြင့် တစ်ဦးလျှင် တစ်ပိဿာနှုန်း ဆီပိဿာချိန် ၄၄၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။



**ထွန်းလင်း (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❍ *ကျောဖုံးမှ*

တရားစွဲဆိုတင်သွင်းခဲ့ခြင်း ဖြစ်သဖြင့် အမှုအသွားအလာအားလုံး၏ အမှန်စင်စစ် တရားစွဲဆိုသည့် တရားလိုသည် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖြစ်ကြောင်း၊

- ဒုတိယကန့်ကွက်လွှာအနေဖြင့် ဂမ်ဘီယာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်၏ အပိုဒ် ၉ အရ နစ်နာသည့်နိုင်ငံ မဟုတ်သည့်အတွက် အမှုကို တရားစွဲဆိုနိုင်သည့် အနေအထားမရှိကြောင်း၊
- တတိယကန့်ကွက်လွှာအနေဖြင့် မြန်မာနိုင်ငံက စာချုပ်၏ အပိုဒ် ၈ ကို ခြွင်းချက်ပြုထားခြင်းကြောင့် ဂမ်ဘီယာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း၊
- စတုတ္ထကန့်ကွက်လွှာအနေဖြင့် မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံ နှစ်နိုင်ငံကြားတွင် အငြင်းပွားမှုတစ်စုံတစ်ရာ မရှိသည့်အတွက် ၎င်း၏လျှောက်ထားချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် လက်မခံသင့်ကြောင်း စသည်တို့ကို တင်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာနှင့် ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် (Agent) ဖြစ်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျ ကိုယ်စားလှယ် (Alternate Agent) ဖြစ်သော ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက နိုင်ငံတကာရှေ့နေများနှင့်အတူ တက်ရောက်ချေပ လျှောက်လဲခဲ့သည်။

မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာသည် ဥပဒေကြောင်းအရလည်းကောင်း၊ အချက်အလက်ကြောင်းအရလည်းကောင်း ပြည့်စုံခိုင်လုံမှုရှိသည်ဟု ယုံကြည်သည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးဖြစ်သူ Judge Xue Hanqin က အပြည်ပြည်ဆိုင်ရာတရားရုံးက တရားစီရင်ခွင့်ရှိကြောင်းနှင့် ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခွင့်ရှိကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်မဲပေးခဲ့ပြီး ကွဲလွဲသည့် သုံးသပ်ဆုံးဖြတ်ချက်ကို တင်သွင်းခဲ့သည်ကိုလည်း မြန်မာနိုင်ငံအနေဖြင့် မှတ်သားမိသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတင်သွင်းခဲ့သည့် ကနဦး ကန့်ကွက်ချက်များကို အပြည်ပြည်ဆိုင်ရာတရားရုံးက ပယ်ချခဲ့သည်ကို စိတ်ပျက်မိသည်။ ထို့အတူ တရားရုံးအနေဖြင့် အဆိုပါကိစ္စရပ်အပေါ် အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်သည်ကို မြန်မာနိုင်ငံအနေဖြင့် မှတ်သားထားရှိသည်။ ထိုဆုံးဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်ဖြစ်သွားမည်ဖြစ်သကဲ့သို့ နောင်လာမည့်အမှုများအတွက် သာဓကအမှုဖြစ်သွားမည်ကိုလည်း မြန်မာနိုင်ငံအနေဖြင့် သတိပြုမိသည်။

မြန်မာနိုင်ငံအနေဖြင့် စာချုပ်ကို လက်ခံအတည်ပြုစဉ်က ကြေညာခဲ့သည့် ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုပြီး၊ စာချုပ်တွင်ပါရှိသော ကတိကဝတ်များကို မည်သည့်အခါမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိဘဲ လေးစားလိုက်နာလျက်ရှိသည်။ တစ်ချိန်တည်းတွင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အစွမ်းကုန်ကြိုးပမ်းလျက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်**

❖ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီး ဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

◆ *ကျောဖုံးမှ*

ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များအား မီးရှို့ဖျက်ဆီးခြင်းစသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၃ ရက် နံနက် ၅ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စလူချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်း ဝင်ရောက်ကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျောင်းအုပ်ဆရာမကြီးရုံးခန်းအတွင်းရှိ သစ်သားစားပွဲ တစ်လုံး၊ ပလတ်စတစ်ထိုင်ခုံလေးလုံး၊ သစ်သားကုလားထိုင် တစ်လုံး၊ စာရေးခုံရှည်နှစ်လုံး၊ အလူမီနီယမ်ဗီရို တစ်လုံး၊ နံရံကပ် နာရီတစ်လုံး၊ သိပ္ပံလက်တွေ့ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ မျက်နှာကြက်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံသတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ရွှေကျင်မြို့နယ်၌ ပညာရေးမြင့်မားရေးကို အကြမ်းဖက်သမားများက နှောင့်ယှက်ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။**


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# အထက်ပေါင်းလောင်း မဂ္ဂါဝပ် ၁၄၀၊ နန်းချိုမဂ္ဂါဝပ် ၄၀ နှင့် အောက်ပေါင်းလောင်းမဂ္ဂါဝပ် ၂၈၀ အဆင့်ဆင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထက်ပေါင်းလောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံမှူးက လုပ်ငန်းများဆောင်ရွက်နေမှုကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အထက်ပေါင်းလောင်း မဂ္ဂါဝပ် ၁၄၀ ၊ နန်းချို မဂ္ဂါဝပ် ၄၀ နှင့် အောက်ပေါင်းလောင်းမဂ္ဂါဝပ် ၂၈၀ တို့ကို အဆင့်ဆင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ အလယ်ပေါင်းလောင်းစီမံကိန်း ၁၆၆ မဂ္ဂါဝပ်ကိုလည်း ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် Hydromatrix အနိမ့်တမံစနစ်ဖြင့်လည်း ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဒုဋ္ဌဝတီမြစ်ဝှမ်းတွင်လည်း အထက်ရဲရွာစီမံကိန်းမဂ္ဂါဝပ် ၂၈၀ ၊ ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၉၀ တို့ကိုလည်း အဆင့်ဆင့်ထုတ်လုပ်နေသကဲ့သို့ နမ့်တူသီပေါစီမံကိန်း မဂ္ဂါဝပ် ၂၁၀ ၊ အလယ်ရဲရွာစီမံကိန်း ၇၃၅ မဂ္ဂါဝပ်နှင့် ဒီးဒုတ်စီမံကိန်း မဂ္ဂါဝပ် ၆၀ တို့ကို ထပ်မံထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ယခင်က ဖြစ်မြောက်နိုင်စွမ်းတိုင်းတာပြီး ဆွေးနွေးနေဆဲဖြစ်သော သံလွင်မြစ်ဝှမ်းစီမံကိန်းများ၊ ဧရာဝတီမြစ်ဝှမ်းစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံကြီးများ ဖြစ်သည့်အတွက် စက်ရုံရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှု၊ တာဘိုင်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် RCC ကွန်ကရစ်တမံကြံ့ခိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အရှေ့ဘက် ၂၆ မိုင်အကွာရှိ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ ၇၀ မဂ္ဂါဝပ် ထွက်ရှိသော ဖရန်စစ်တာဘိုင်အမျိုးအစားစက် (၂) လုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ထွက်ရှိကာ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ၄၅၄ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့် နန်းချိုဓာတ်အားပေးစက်ရုံနှင့် ပေါင်းလောင်းဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ပျဉ်းမနားခွဲရုံသို့ ပို့လွှတ်ကာ နိုင်ငံတော်ဓာတ်အားစနစ်သို့ စက်စွမ်းအားပြည့် ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသဖြင့် လက်ရှိအခြေအနေတွင် ရေဝင်ရောက်မှုနည်းသော်လည်း လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ပြည့်မီအောင် ရေလှောင်တမံအတွင်းသို့ စီးဝင်လာသည့်ရေကို သိုလှောင်စုဆောင်းပြီး စနစ်တကျစီမံ၍ တစ်နှစ်ပတ်လုံး ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသည့် ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့်ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု ပေါ်စံခေါ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာအုပ်စု လဲလူးအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများကို အဆိုပါ ကျောင်းဆောင်သစ်မျက်နှာစာများတွင် ကျင်းပရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ရဲမှူးကြီး ကိုကိုလွင်၊ နေပြည်တော်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြာညို၊ GBH ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဝေလင်းစိုးနှင့် တော်ဝင်ထီးလှိုင်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်မောင်ဦးတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**



ဖွင့်ပွဲအခမ်းအနားများတွင် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နေပြည်တော်ကောင်စီအနေဖြင့် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဆောင်များရရှိရေးအတွက် ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် အချက်အလက်များကို GBH ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာနှင့် တော်ဝင်ထီးလှိုင်ကုမ္ပဏီမှ မန်နေးဂျင်း ဒါရိုက်တာတို့က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးတာဝန်ခံ ဦးတင်ဆန်းက လက်ခံရယူသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်များအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်များသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အလျား ပေ ၁၀၀ ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင်များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်တရားလွှတ်တော်အနေဖြင့် ဩဂုတ် ၁ ရက်မှစတင်ကာ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သွားမည်

**တောင်ကြီး ဇူလိုင် ၂၃**

ရှမ်းပြည်နယ်တရားလွှတ်တော်က ကြီးမှူးကျင်းပသည့် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



စေ့စပ်ဖြေရှင်းရေး စနစ်နှင့် စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသည့် ရည်မှန်းချက်များနှင့် ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာ စီမံကိန်းကို(၂၀၁၈-၂၀၂၂) တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်နိုင်ရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်ငါးရပ် သတ်မှတ်ထားပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှု အစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုများအား အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ၊ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင် ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီ ဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုများကို ဖြေရှင်းပေးရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော်အနေဖြင့် ယခုအခါ စေ့စပ်ဖြေရှင်းရေးဌာနကို ဖွင့်လှစ်ထားရှိပြီး ဩဂုတ် ၁ ရက်မှစတင်ကာ ပြည်နယ်အတွင်းရှိ တရားရုံးများ၌ စွဲဆိုသော တရားမကြီးမှုများနှင့် စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက စေ့စပ်ဖြေရှင်းစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သာသနာတော်ကြီးကို ချီးမြှောက်ပါ

ဘကြီးကောင်း

"မောင်မြင့်အေးပါလား၊ မတွေ့တာတောင် ကြာပြီနော်"

"ဟုတ်ကဲ့ ဘကြီးကောင်း၊ ဝါတွင်းသုံးလမှာ သရဏဂုံနဲ့ ဂုဏ်တော်အဓိဋ္ဌာန် ပုတီးစိပ်ပွားများနေလို့ပါ ခင်ဗျာ"

"သာဓုပါကွယ်၊ ဒါနဲ့ ဂုဏ်တော်တွေကို ပွားများတဲ့အခါမှာ အနက်အဓိပ္ပာယ်ကိုလည်းသိပြီး ပွားများဖို့ လိုတယ်ကွယ့်။ တချို့က ရွတ်ရုံသာရွတ်ကြတာ၊ ရတနာသုံးပါးကို မိရိုးဖလာမို့ ကိုးကွယ်ရှိခိုးကြတာ။ ဂုဏ်တော်တွေရဲ့အနက်အဓိပ္ပာယ်ကို သိရှိနားလည်သဘောပေါက်ပြီး ရှိခိုးပူဇော်မှ အနှစ်သာရ ပိုရှိတာပေါ့ကွယ်။ အခုလက်ရှိ တို့တစ်တွေ ကိုးကွယ်ဆည်းကပ်နေကြတဲ့ သံဃာ့ဂုဏ်တော်ကိုးပါးကို အကျဉ်းအားဖြင့် မြန်မာလို အဓိပ္ပာယ် ဖွင့်ဆိုကြည့်ရင် ကိလေသာငြိမ်းကြောင်း ကောင်းစွာကျင့်ကြံတော်မူတယ်၊ ဖြောင့်မတ်စွာ ကျင့်ကြံတော်မူတယ်၊ နိဗ္ဗာန်အကျိုး မျှော်ကိုးရည်သန် ကျင့်ကြံတော်မူတယ်၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကြောင့် တုပ်ဝပ်ရိုသေလျော်ကန်အောင် ကျင့်ကြံတော်မူတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့တပည့်သားမော် အရိယာသံဃာတော်နဲ့ အရိယာနွယ်ဝင်သမ္မုတိထေရ် အရှင်သံဃာတော်မြတ်တို့ဟာ အဝေးမှ ဆောင်ယူ ပစ္စည်းကိုလည်း ပေးလှူခြင်းငှာ ထိုက်တော်မူပါပေတယ်၊ ဧည့်သည်ဖို့ရာ ရည်ကာဆောင်ထား ပစ္စည်းများပင် စိတ်ထားဖြူစင်ပေးလှူခြင်းငှာ ထိုက်တော်မူပါပေတယ်၊ တမလွန်စခန်း ကောင်းဖို့မှန်းပြီး လှူဒါန်းခြင်းငှာ ထိုက်တော်မူပါပေတယ်၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းငှာ ထိုက်တော်မူပါပေတယ်၊ နတ်လူအများ ကောင်းမှုပွားဖို့ ကြဲထားပျိုးချ တုမရတဲ့ ကောင်းလှလယ်မြေ ယာမြေပမာလည်း ဖြစ်တော်မူပါပေတယ်လို့ ဆိုတယ်ကွယ့်။ ရှင်းရှင်းပြောရရင် မြတ်စွာဘုရားရှင်ရဲ့ တပည့်သားသံဃာတော်အရှင်သူမြတ်တွေဟာ ဒီအကျင့်တွေ ကျင့်ကြံတော်မူကြတဲ့အတွက် ဒီလိုမျိုး လှူဒါန်းပူဇော်ခြင်းဖြစ်တယ်လို့ ပြောရမှာပေါ့"

"ဘကြီးကောင်း ဒီလိုရှင်းပြတော့လည်း အမှုမဲ့အမှတ်မဲ့နေတဲ့သူတွေ၊ မသိနားမလည်သူတွေအဖို့ အတော့်ကို အကျိုးများတာပေါ့နော်"

## ကျင့်ဝတ်များ

"နေဦး၊ မပြီးသေးဘူးကွယ့်။ ရဟန်းသံဃာများနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးဆိုလည်း နှစ်ဦးနှစ်ဝ တာဝန်ကိုယ်စီအညီအမျှ ရှိကြသေးတယ်ကွယ့်။ မြတ်စွာဘုရားရှင်က သိင်္ဂါလောဝါဒသုတ်မှာ ရဟန်းသံဃာတော်များနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ဒါယကာ၊ ဒါယိကာမတို့ဘက်က လိုက်နာရမယ့် ကျင့်ဝတ်ငါးပါး၊ ရဟန်းသံဃာများဘက်က ကျင့်ဝတ်ခြောက်ပါးကို ဟောကြားတော်မူခဲ့တယ်ကွယ့်။

ဒါယကာ၊ ဒါယိကာမများဘက်က ကျင့်ဝတ်ငါးပါးက –

၁။ မေတ္တာဖြင့်ယှဉ်သော ကာယကံဖြင့် ဆက်ဆံခြင်း၊

၂။ မေတ္တာဖြင့်ယှဉ်သော ဝစီကံဖြင့် ဆက်ဆံခြင်း၊

၃။ မေတ္တာဖြင့်ယှဉ်သော မနောကံဖြင့် ဆက်ဆံခြင်း၊

၄။ လိုအပ်သမျှ အလှူခံကြရန် ဖိတ်ကြားထားခြင်း၊

၅။ လိုအပ်သမျှ လှူဒါန်းခြင်း၊

ရဟန်းသံဃာများဘက်က ကျင့်ဝတ်ခြောက်ပါးကတော့ –

၁။ မကောင်းမှုကိုတားမြစ်ခြင်း၊

၂။ ကောင်းမှုပြုရန် တိုက်တွန်းခြင်း၊

၃။ သနားကြင်နာစိတ်စေတနာထားခြင်း၊

၄။ မကြားဖူးသော တရားထူးများဟောခြင်း၊

၅။ ကြားဖူးသောတရားကို အနက်အဓိပ္ပာယ် ကျေညက်အောင် ဟောကြားခြင်း၊

၆။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းများ ဟောကြားခြင်းတို့ပဲ ဖြစ်တယ်ကွယ့်။

အတိုချုံးပြောရရင်တော့ ဒါယကာ၊ ဒါယိကာမများက တတ်အားသရွေ့ လှူဒါန်း ပူဇော်ကြပြီး ရဟန်းသံဃာတော်များက တရားပြသဆုံးမကြဖို့ပါပဲ။

> ❐ **သီပေါမင်းပါတော်မူအပြီး ၁၁ နှစ် အကြာမှာ မန္တလေးမြို့မိမြို့ဖတွေက ဗုဒ္ဓသာသနာတော်ကြီး ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ရေး၊ သံဃာတော်နဲ့ သီလရှင်များကို ဆွမ်းဆန်တော်များ ထောက်ပံ့နိုင်ရေးအတွက်ဆိုပြီး မလွန်ဆန်လှူအသင်းကြီးကို စတင်တည်ထောင် ဖွဲ့စည်းခဲ့ကြတယ်**

## ကံပြုခြင်း

ထို့အတူပဲ ရဟန်းသံဃာများဘက်က –

၁။ ရဟန်းတို့ လာဘ်လာဘမရအောင် ကြိုးစားခြင်း၊

၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်ရန် ကြိုးစားခြင်း၊

၃။ ရဟန်းတို့ နေစရာမရှိအောင် ကြိုးစားခြင်း၊

၄။ ရဟန်းတို့ကို ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း၊

၅။ ရဟန်းအချင်းချင်း ရန်တိုက်ပေးခြင်း၊

၆။ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊

၇။ တရားကို ကဲ့ရဲ့ရှုတ်ချခြင်း၊

၈။ သံဃာကို ကဲ့ရဲ့ရှုတ်ချခြင်းဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ အကျုံးဝင်တဲ့ ဒါယကာ၊ ဒါယိကာမတွေကို ရဟန်းသံဃာက သူနဲ့ မဆက်ဆံဘဲ ဖဲကြဉ်တဲ့ သပိတ်မှောက်ကံပြုနိုင်သလို ဒါယကာ၊ ဒါယိကာမများဘက်ကလည်း "လူတို့အား ပစ္စည်းဥစ္စာမရခြင်းငှာ အားထုတ်ခြင်း၊ လူတို့အား အကျိုးယုတ်စေရန် အားထုတ်ခြင်း၊ လူတို့ကို ဆဲရေးခြင်း ခြိမ်းခြောက်ခြင်း၊ လူနှင့် လူချင်း ကုန်းတိုက်ပေးခြင်း၊ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ တရားတော်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ သံဃာကို ကဲ့ရဲ့ရှုတ်ချခြင်း၊ အကျွမ်းတဝင်အဆက်အဆံ မပြုသင့်သော နေရာခြောက်မျိုးမှာ ဝင်ထွက်ဆက်ဆံခြင်းဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ အကျုံးဝင်ငြိစွန်းတဲ့ ရဟန်းကို အပ္ပသာဒပဝေဒနိယကံပြုခွင့်ရှိတယ်ကွယ့်။

ဒီကံကို ဒါယကာ၊ ဒါယိကာမများက ပြုတဲ့အခါမှာ ရဟန်းများကဲ့သို့ ဉာတ်ကမ္မဝါစာများ ရွတ်ဖတ်ရန် မလိုဘဲ ကံပြုထိုက်တဲ့ ရဟန်းကို နေရာမှထမပေးခြင်း၊ ရှိမခိုးဘဲ နေခြင်းဖြင့် ကံမြောက်ပြီးဖြစ်တယ်လို့ စာပေကျမ်းဂန်တွေမှာ ဖော်ပြထားတယ်ကွယ့်။ နောက်ပြီး ရဟန်းဖြစ်စေ၊ လူဖြစ်စေ အပြစ်ကျူးလွန်သူများဘက်က ဝန်ချတောင်းပန်မှ ပြုခဲ့ပြီးသောကံကို ပယ်ဖျက်နိုင်တယ်လို့လည်း ဖော်ပြထားတယ်ကွယ့်။ ပြောရရင်တော့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ ရဟန်းသံဃာနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးက တစ်လမ်းသွား၊ တစ်ဖက်သတ်စနစ်မျိုး မဟုတ်ဘဲ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောမျိုးပေါ့။ အခုခေတ်လူတွေပြောပြောနေတဲ့ ဒီမိုကရေစီပေါ့ကွယ်။"

"ဒါကြောင့်မို့လည်း မြတ်ဗုဒ္ဓရဲ့သာသနာတော်နဲ့ သံဃာ့အဖွဲ့အစည်းကြီးက နှစ်ပေါင်းထောင်ချီ တည်တံ့နေတာပေါ့နော် ဘကြီးကောင်း"

"ဒါပေါ့ကွယ်၊ မြတ်စွာဘုရားရှင်က လောကသားတို့ အကျိုးစီးပွားအတွက် သံဃာ့အဖွဲ့အစည်းကြီး နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲစေဖို့ လိုအပ်တဲ့ ဝိနည်းစည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပေးခဲ့သလို တို့ရဲ့ ရှေးဘိုးဘွားမိဘ ဆရာသမားများကလည်း ဆရာ၊ ဒကာ ညီညာစွာလက်တွဲပြီး သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ခဲ့တာလည်း ပါတာပေါ့ကွယ်။

## သာသနာကွယ်ပရခြင်း

မြတ်စွာဘုရားရှင် ပွင့်ထွန်းရာ အိန္ဒိယပြည်မှာ သာသနာကွယ်ပရခြင်းနဲ့ ပတ်သက်ပြီး

၁။ ရဟန်းတော်များ သီလ၊ မေတ္တာ၊ ခန္တီစတဲ့ အခြေခံ ရဟန်းကျင့်ဝတ်များ၌ လျော့ပါးအားနည်းခြင်း၊ နောက်ဆုံး လုံးဝသိက္ခာမရှိခြင်း၊

၂။ အတ္တဝါဒသည် ခေါင်းဆောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် အတွင်းလိုက်၍ ဖျွဲခြင်း၊

၃။ နောက်ဆုံး မိစ္ဆာရန်သူတို့ အစမ္မအကြမ်းဖက်၍ နှိပ်စက်သတ်ခြင်းဆိုတဲ့ အချက်သုံးချက်ကြောင့်လို့ ပညာရှင်များက လက်ခံအတည်ပြုခဲ့ကြတယ်ကွယ့်။

မြန်မာနိုင်ငံမှာတော့ ခေတ်အဆက်ဆက် ရဟန်းသံဃာတော်များဘက်က ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ကြသလို ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နေလိုလလို ထွန်းပအောင် ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ၊ အသိဉာဏ် အမြော်အမြင်တို့နဲ့ ထူထောင်ခဲ့ကြလို့ပေါ့ကွယ်။

လေနာထအောင် တစာစာအံ၍ ကျက်၍ သာသနာကို အသက်ဆက်ပေးကြတဲ့ ရှင်ငယ်၊ ရဟန်းငယ်တွေနဲ့ 'ရိုးရာကို အထိမခံ၊ လူဆန်၍ ခေတ်မီသည်ကို မလိုလား'ဘဲ သာသနာတော်ကြီးကို ဝိုင်းဝန်းချီးမြှောက်ခဲ့ကြတဲ့ မိဘဘိုးဘွားဆရာသမားတို့ရဲ့ ကျေးဇူးက ကြီးပါပေ့ မောင်ရေ။

## ပရိယတ္တိအားပေးသည့် အသင်းအဖွဲ့များ

ကိုယ့်မင်းကိုယ်ချင်းဘဝကျဆုံးပြီး ဗြိတိသျှလက်အောက်ကျရောက်စဉ်မှာ တို့ရဲ့ ရှေးဘိုးဘွားမိဘဆရာသမားတို့ဟာ ဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် သကျသီဟ (မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ (သထုံ)၊ သုသမာစာရ (မော်လမြိုင်)၊ ဝိနယာဓိက (ပဲခူး)၊သုဓမ္မာ(ညောင်တုန်း)စတဲ့ပရိယတ္တိအားပေးတဲ့ အသင်းအဖွဲ့များ၊ မလွန်ဆန်လှူအသင်းစတဲ့ ပစ္စယာနုဂ္ဂဟအဖွဲ့များကို တည်ထောင်ခဲ့ကြတယ်ကွယ့်"

"မလွန်ဆန်လှူအသင်းဆိုတာ ကျွန်တော်တို့ အခုထက်တိုင်လှူဒါန်းနေတဲ့ စစ်ကိုင်းတောင်ရိုးက ရဟန်းသံဃာတော်တွေနဲ့ သီလရှင်တွေကို ဆွမ်းဆန်တော် ထောက်ပံ့ပေးနေတဲ့ မလွန်ဆန်လှူအသင်းကြီးလား ဘကြီးကောင်း"

"မှန်တာပေါ့ မောင်မြင့်အေးရယ်၊ တစ်ချိန်က မင်းနေပြည်တော် မန္တလေးမှာ သီပေါမင်းကို ဗြိတိသျှနယ်ချဲ့က နန်းချပြီး ဖမ်းဆီးခေါ်ဆောင်သွားတော့ မင်းပြောင်းမင်းလွဲကြီးကလည်းဖြစ်၊ သာသနာပြုမင်းများကင်းမဲ့လို့ တိုင်းပြည်ကလည်း သူ့ကျွန်လုံးလုံးဖြစ် ကျန်ရစ်တော့ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမစတဲ့ ပြည်သူတွေက ပစ္စည်းလေးပါး လှူဒါန်းပါမှ သာသနာမှာတည်နေနိုင်တဲ့ ရဟန်းသံဃာတော်များ လောကဟာ ဒုက္ခအကြီးအကျယ်တွေ့ရတော့တာပေါ့။

အထူးသဖြင့် ဆွမ်းခံစရာ ရပ်ရွာဂေါစရဂါမ် ခက်ခဲတဲ့ စစ်ကိုင်းတောင်ရိုးက ရဟန်းသံဃာတော်တွေနဲ့ သီလရှင်တွေဟာ ပိုပြီး ဒုက္ခရောက်ကြရတာပေါ့။ ဒါကြောင့် သီပေါမင်း ပါတော်မူအပြီး ၁၁ နှစ်အကြာမှာ မန္တလေး မြို့မိမြို့ဖတွေက ဗုဒ္ဓသာသနာတော်ကြီး ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ရေး၊ သံဃာတော်နဲ့သီလရှင်များကို ဆွမ်းဆန်တော်များ ထောက်ပံ့နိုင်ရေးအတွက်ဆိုပြီး မလွန်ဆန်လှူအသင်းကြီးကို စတင်တည်ထောင် ဖွဲ့စည်းခဲ့ကြတယ်။ တစ်ခါ မန္တလေးမြို့မိမြို့ဖတွေဟာ သီပေါမင်းပါတော်မူပြီး ၁၃ နှစ်အကြာမှာ ပရိယတ္တိသာသနဟိတအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြန်တယ်။

ဒီအသင်းကြီးတွေဟာ တကယ့်သဒ္ဓါတရားနဲ့ တည်ထောင်ခဲ့ကြပြီး သာသနာတော်အတွက် ဖြူဖြူစင်စင် လုပ်ဆောင်သွားခဲ့ကြတာ ဖြစ်လေတော့ ပျံလွန်တော်မူသွားတဲ့ မင်းကွန်းတိပိဋကဆရာတော်ကြီးက ပရိယတ္တိအသင်းက သာသနာရဲ့ဖခင်အသင်း၊ မလွန် ဆန်လှူအသင်းက သာသနာရဲ့မိခင်အသင်းလို့ သတ်မှတ်တော်မူခဲ့ပါတယ်။ ဒီအသင်းကြီး နှစ်သင်းဟာ ကနေ့ထက်ထိ နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ရှင်သန်ကြီးထွားပြီး သာသနာတော်ကိုအကျိုးများအောင် ဆက်လက်ဆောင်ရွက်နေကြဆဲမို့ အလွန်ဂုဏ်ယူစရာ ကောင်းလှတယ်ကွယ့်။

## အခက်အခဲ အမျိုးမျိုးကြားက ရုန်းကန်

ဒို့အပြင် ရှေးမြန်မာဘိုးဘွားများဟာ ထေရဝါဒသာသနာ့သမိုင်းကို ယနေ့ ဒီအခြေအနေအထိ ရောက်အောင် အခက်အခဲ အမျိုးမျိုးကြားက ရုန်းကန်ပြီး ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ၊ အသိဉာဏ် အမြော်အမြင်တို့နဲ့ ထူထောင်ခဲ့ကြရတာကွယ့်။

၁။ ဘိုးတော်မင်းတရားကြီးဟာ တောစွန်အုံဖျားပါမကျန်အောင် ပိဋက ကျမ်းစာများနဲ့အတူ ရဟန်းတော်များကို ပြည်တွင်း ပြည်ပသို့ သာသနာပြု စေလွှတ်၍ မဟာယာနဝါဒကို အမြစ်ပြတ် ရှင်းလင်းပေးခဲ့ခြင်း၊

၂။ မင်းတုန်းမင်းတရားကြီးဟာ တစ်ကမ္ဘာလုံး နယ်ချဲ့ဝါဒများ ကြီးစိုးလွှမ်းဖိလာသောအချိန်မှာ ပဉ္စမသင်္ဂါယနာတင်၍ ဟန့်တားခဲ့ခြင်း၊

၃။ တစ်ကမ္ဘာလုံး ရုပ်ဝါဒကြီး ဖိစီးလာအံ့သောအချိန်မှာ ဝန်ကြီးချုပ် ဦးနုနဲ့ မြန်မာတို့ဟာ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ခြင်းစသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို အရှည်တည်တံ့ခိုင်ခံ့အောင် အံ့မခန်းကြိုးပမ်းခဲ့ကြတာပေါ့ကွယ်။

ထေရဝါဒဗုဒ္ဓသာသနာတော်ရဲ့ ဂုဏ်ကျေးဇူးနဲ့ တန်ဖိုးကို နားလည်ကြလို့လည်း အခုလက်ရှိမြန်မာနိုင်ငံမှာကျင်းပနေကြတဲ့ ဘာသာရေးအခမ်းအနားတွေမှာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုပြီး ဆုတောင်းကြတာပဲကွယ့်။ ရှေးဘိုးဘွား မိဘဆရာသမားတို့ရဲ့ တာဝန်ကတော့ ကျေပွန်ပါပြီ၊ မောင်တို့မျိုးဆက်တွေရဲ့တာဝန်ပဲ ကျန်တော့တယ်"

"ဪ၊ ဒါကြောင့်မို့လည်း မြတ်ဗုဒ္ဓရဲ့ သာသနာတော်နဲ့ သံဃာ့အဖွဲ့အစည်းကြီးဟာ ယခုထက်တိုင် နှစ်ပေါင်းထောင်ချီ တည်တံ့နေနိုင်တာပေါ့နော်၊ ဘကြီးကောင်း အခုလို ဟောပြောရှင်းပြပေးတော့လည်း ကျွန်တော်တို့အဖို့ အတော်ကျေးဇူးများတာပေါ့ဗျာ"

"မောင်မြင့်အေးတို့လို လူငယ်တွေ အခုလို နားထောင်ဖော်ရတာကိုပဲ ဘကြီးကောင်းက ကျေနပ်လှပါပြီ။"

**ကျမ်းကိုး။** **ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"၊**
**ဝဏ္ဏသီရိ၏ "ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း" (ပထမတွဲ)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ် (၁၉) ရပ်ကွက်နေ စည်သူအောင် (ခ) စွယ်စုံနှင့် ဇော်မင်းဦး (ခ) Paul Mike တို့သည် ၎င်းတို့အသုံးပြုသည့် "Swe Sone" Facebook အကောင့်နှင့် "Paul Mike" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်းနေ သက်အောင် (ခ) အရှည်ကြီးသည် ၎င်းအသုံးပြုသည့် "Thet Aung" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လမ်းမတော်တောင်ရပ်ကွက်နေ သိန်းလှိုင်သည် ၎င်းအသုံးပြုသည့် "Thein Hlaing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင် ၂၀ ရက်တွင်** မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း တရားမဝင်ထောက်ကြံ့ခွဲသားနှင့် တောင်သရက်ခွဲသား (၂ ဒသမ ၁၈၆၃) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃,၀၄၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော မျက်စိကုသရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂,၀၀၂,၀၅၀) ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉,၄၀၀,၀၀၀) နှင့် လျှပ်စစ်ကေဘယ်ကြိုးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၂၀၀,၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂,၆၀၂,၀၅၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင် ၂၁ ရက်တွင်** တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရေဖြူမြို့နယ် မလွဲတောင်စစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ စုပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်ခွင့်ပြုထားသည့် ပမာဏထက် ပိုမိုတင်ဆောင်လာသော ခဲမဖြူ/အဖြိုက်နက်ရောရာ သတ္တုအိတ် ၆၉၆ အိတ် (၃၁ ဒသမ ၂၉၆၇) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀,၀၀၀,၀၀၀) ကို** ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ဇူလိုင် ၂၂ ရက်တွင်** ရန်ကုန်တိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International) မှ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၂၀၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Blank Holder များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၅၅၀,၀၀၀) ကိုလည်းကောင်း၊ သင်္ဘောဖြင့် တင်သွင်းလာသော တိုက်ကြေအဖြစ် စစ်ဆေးတွေ့ရှိသည့် မော်တော်ယာဉ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၅၅၀,၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင် ၂၂ ရက်တွင်** တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား (၁၁ ဒသမ ၇၂၉၆) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၈၆၄,၈၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇူလိုင် ၂၃ ရက်တွင်** မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က သပြေကန်ကျေးရွာအနီး လိုင်စင်မဲ့ TOYOTA Wish အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၃၆၄,၈၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်** ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်ဝကျေးရွာအနီး၌ အချိန်ကြာမြင့်စွာ ရပ်နားထားကြောင်းသတင်းအရ စစ်ဆေးတွေ့ရှိသော လိုင်စင်မဲ့ Honda Fit GE6 အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော စုံတွဲလက်ပတ်နာရီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၇၂၀,၀၀၀) နှင့် အမျိုးသားစီးဖိနပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၀၀,၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၁၂၀,၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂,၉၈၉,၈၉၈)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

# ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားအုပ်စုပွဲများယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရှိ ကျင်းပရာ အုပ်စုပတ်လည်ပြိုင်ပွဲ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို နှစ်ပွဲပြတ်၊ စက်မှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရှိ နေ့စဉ်နံနက် ၉ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၉ နှစ်အောက် ဘောလုံးအုပ်စုပွဲများကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ် (၁) နှင့် (၃) ၌ ဆက်လက်ကျင်းပရာ ယနေ့ညနေ သုံးနာရီခွဲတွင် ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ် (၁) ၌ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွင်းအမှတ် (၃) ၌ ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ဇူလိုင် ၂၄ ရက်တွင် ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ် (၁) ၌ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကွင်းအမှတ် (၃) ၌ ရခိုင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၆၅ | ၁၇၁၀ | ၁၇၀၅ | ၁၆၇၀ | ၁၇၁၀ | ၁၇၃၀ | ၁၇၁၅ | ၁၆၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၇၀၀ | ၁၇၁၀ | ၁၇၄၅ | ၁၇၄၅ | ၁၇၅၀ | ၁၉၆၅ | ၂၅၁၀ |
| 95 Ron | ၁၇၁၅ | ၁၇၆၅ | ၁၇၆၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၈၅ | ၁၇၇၀ | ၁၇၄၅ | ၁၈၄၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၇၀ | ၁၇၉၅ | ၁၇၉၅ | ၁၈၀၀ | ၂၀၂၀ | ၂၅၆၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၇၉၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၇၅ | ၁၆၄၀ |
| 95 Ron | ၁၆၂၅ | ၁၆၉၁ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို ဆောင်ရွက်လျက်ရှိသည်။

**အမှိုက်များရှင်းလင်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နှင့် မိုးနဲမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့ အပါအဝင် မြို့နယ် ငါး မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ် တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိမြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်း ခရိုင်ရှိမြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိမြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အပါအဝင်



မြို့နယ် လေးမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့နယ်နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း **(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်းဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်မြန်မာအလုပ်သမားများစေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားအမျိုးသား ၇၉ ဦး၊ အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၁၂၅ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း)လိုင်စင်ရအေဂျင်စီ တစ်ခုဖြစ်သည့် Yellow Dawn Services Co,Ltd မှ ထိုင်းနိုင်ငံရှိ Westcom Co,Ltd သို့ နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့် ကုမ္ပဏီသို့စနစ်တကျ ပို့ဆောင်ပေးကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား ပင်လယ်နက်မှတစ်ဆင့် ဆန်စပါးတင်ပို့ရန် သဘောတူညီမှုရရှိ

အစ္စတန်ဘူလ် ဇူလိုင် ၂၃

**ရုရှား – ယူကရိန်း စစ်မက်ဖြစ်ပွားမှုကြောင့် ဆန်စပါးတင်ပို့မှုရပ်ဆိုင်းလိုက်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ လူများ၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်လျက်ရှိရာ ယခုအခါ ကုလသမဂ္ဂနှင့် တူကီယဲသမ္မတနိုင်ငံမှ ကြားဝင်ညှိနှိုင်းမှုဖြင့် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား ပင်လယ်နက်မှတစ်ဆင့် ယူကရိန်းဆိပ်ကမ်းများမှ ဆန်စပါးတင်ပို့မှုနှင့်ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

ထို့ကြောင့် ဆန်စပါးတန်ချိန် သန်းပေါင်းများစွာကို ပင်လယ်နက်မှတစ်ဆင့် ယူကရိန်းရှိ အဓိကဆိပ်ကမ်းသုံးခုမှ တင်ပို့နိုင်တော့မည် ဖြစ်သည်။ ထိုအချိန်အတွင်း ဆိပ်ကမ်းအဆောက်အအုံများနှင့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်ခြင်းမပြုလုပ်ရန်လည်း သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂနှင့် တူကီယဲသမ္မတနိုင်ငံမှ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြေလည်မှုရရှိခဲ့သည့် အဆိုပါ ညှိနှိုင်းရေးဆွေးနွေးပွဲကို သောကြာနေ့က အစ္စတန်ဘူလ်မြို့၌ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာကျပ်တည်းမှုနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကြားတွင် အဆိုပါ ဆန်စပါးတင်ပို့မှုနှင့် ပတ်သက်ပြီး ပြေလည်မှုရရှိရန်အတွက် ကုလသမဂ္ဂနှင့် တူကီယဲသမ္မတနိုင်ငံတို့ နှစ်လကြာ ကြားဝင်ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ယူကရိန်းနိုင်ငံ ခါကိဗ်မြို့၌ ဆန်စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## လောင်စာဆီလျင်လျင်မြန်မြန်ဖြန့်ဖြူးရန် သီရိလင်္ကာသမ္မတ ဝစ်ကရမ်ဆင်း ညွှန်ကြား

**ကိုလံဘို ဇူလိုင် ၂၃**

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ကရမ်ဆင်းသည် လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းကို အရှိန်မြှင့်တင်ပြီး ကျောင်းနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကထားပံ့ပိုးပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား စနေနေ့က ညွှန်ကြားလိုက်ကြောင်း သိရသည်။

လောင်စာဆီ အကျပ်အတည်းကို ဖြေရှင်းရန်ပြုလုပ်သော အစည်းအဝေးအတွင်း ၎င်းက ထိုကဲ့သို့ ညွှန်ကြားလိုက်ခြင်း ဖြစ်သည်။ လောင်စာဆီပြတ်လပ်မှုကြောင့် စာသင်ကျောင်းများ ရက်သတ္တပတ်များစွာ ပိတ်ထားခဲ့ရပြီးနောက် ပြန်လည် ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။ ထို့ပြင် သမ္မတသည် ရေလုပ်သားများ၊ လယ်သမားများနှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လောင်စာဆီကို လုံလုံလောက်လောက် ထောက်ပံ့ပေးရန် လိုအပ်ကြောင်းလည်း ညွှန်ကြားထားသည်။



သီရိလင်္ကာ၌ လောင်စာဆီဖြည့်ရန် တန်းစီစောင့်ဆိုင်းနေသည့် ယာဉ်တန်းကို တွေ့ရစဉ်။

နိုင်ငံအတွင်း လောင်စာဆီမှောင်ခိုဈေးကွက်ကို ချက်ချင်းကိုင်တွယ်ဖြေရှင်းရန်နှင့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ရဲတပ်ဖွဲ့အား သမ္မတ ဝစ်ကရမ်ဆင်းက ညွှန်ကြားထားသည်။ သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြား အရန်ငွေပြတ်လပ်မှုကြောင့် ယခုနှစ် အစောပိုင်းကတည်းက လောင်စာဆီပြတ်တောက်မှုနှင့် အကြီးအကျယ် ရင်ဆိုင်နေရသည့် နိုင်ငံ ဖြစ်သည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ အပူလှိုင်းဖြတ်မှု ဆက်လက်ရှိနေသည့်အတွက် သတိပေးမှု အဝါရောင်အဆင့် ဆက်လက်ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံ ဒေသအနှံ့အပြားတွင် ပြင်းထန်သောအပူလှိုင်းဖြတ်မှု ဆက်လက်တည်ရှိနေသည့်အတွက် အပူချိန်သတိပေးမှုထုတ်ပြန်ချက် အဝါရောင်အဆင့်ကို စနေနေ့တွင် တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသစောင့်ကြည့်ရေးဌာနက ဆက်လက်ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

နေ့အပူချိန်သည်အတွင်းမွန်ဂိုလီးယား၊ ရှင်ကျန်း၊ အန်းဟွေ၊ ကျန်းစု၊ ရှန်ဟိုင်း၊ ဟူနန်၊ ကျန်းရှီး၊ စီကျန်း၊ ဖူကျန်း၊ ကွေကျိူ၊ ကွမ်တုံနှင့် ကွမ်ရှီးတို့တွင် အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်ဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသစောင့်ကြည့်ရေးဌာနက ပြောသည်။ ထို့ပြင် ရှင်ကျန်း၊ စီကျန်းနှင့်ဖူကျန်းရှိဒေသအချို့တွင်အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ကိုကျော်လွန်ဖွယ်ရှိကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။ နေ့ဘက်အပူချိန်မြင့်မားသောအချိန်တွင် ပြင်ပလှုပ်ရှားမှုများ မပြုလုပ်ရန် အကြံပြုထားပြီး ပြင်ပတွင်အချိန်ကြာမြင့်စွာ အလုပ်လုပ်ရန် လိုအပ်သောသူများအား အပူဒဏ်ကာကွယ်ရန်လိုအပ်သော ကာကွယ်ရေးအစီအမံများဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

တရုတ်နိုင်ငံ၌ မိုးလေဝသသတိပေးချက်စနစ်အတွက် အရောင်ဖြင့် ခွဲခြားသတ်မှတ်သည့် အဆင့်လေးဆင့်ရှိပြီး အနီရောင်သည် အပြင်းထန်ဆုံးသတိပေးချက်ကို ကိုယ်စားပြုပြီး ၎င်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့်ဟူ၍ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဇူလိုင် ၁၀ ရက်က ရှန်ဟိုင်းမြို့ မင်ဟန်ခရိုင်၌ ပြင်းထန်သော အပူချိန်ကို အန်တုကာ သွားလာနေကြသူများ။

## ကနေဒါနိုင်ငံ၌ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၀၀၀ ကျော်လာ

**အော့တဝါ ဇူလိုင် ၂၃**

ကနေဒါနိုင်ငံ၌ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၃၉၀ ရှိကြောင်း ကနေဒါပြည်သူ့ကျန်းမာရေး အေဂျင်စီ (ပီအိတ်ချ်အေစီ) က ဇူလိုင် ၂၂ ရက်က အတည်ပြုထုတ်ပြန်ထားသည်။ ထို့ကြောင့် ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း လေးသန်းကျော်အထိ ရှိလာပြီဖြစ်သည်။

ပီအိတ်ချ်အေစီ၏ အပတ်စဉ်ထုတ်ပြန်ချက်အရ ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၀၂၃၀၄ ဦးနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၂၄၄၇ ဦးအထိ ရှိကြောင်း သိရသည်။ ထို့ပြင် ကနေဒါနိုင်ငံ၌ တစ်ပတ်အတွင်း နေ့စဉ်ပျမ်းမျှ ရောဂါပိုးတွေ့ရှိမှုနှုန်းသည် ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံ၌ နေထိုင်သူအများစုသည် ကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ကြောင်း သိရသည်။ လူနေထူထပ်သောကြောင့် ကာကွယ်ဆေးမထိုးနှံရသေးသောသူများထက် ကာကွယ်ဆေးထိုးနှံပြီးသော သူများတွင် ရောဂါကူးစက်မှု ပိုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံပြီးသော သူများတွင်ရောဂါပိုးတွေ့ရှိမှု ပိုများသော်လည်း ရောဂါပြင်းထန်မှုနှင့် သေဆုံးနိုင်ခြေနည်းပါးကြောင်း ပီအိတ်ချ်အေစီက ပြောသည်။ အခြားသတင်းတစ်ရပ်တွင် ကနေဒါနိုင်ငံ၌ monkeypox ရောဂါကူးစက်ခံရသူ အရေအတွက်သည် စုစုပေါင်း ၆၈၁ ဦး အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။



ကနေဒါနိုင်ငံ တိုရွန်တိုပီယာဆွန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသွားများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင် သွားလာနေကြစဉ်။

အဆိုပါ ရောဂါကူးစက်ခံရသူများသည် ကွိဘက်စ်ပြည်နယ်မှ ၃၃၁ ဦး၊ အွန်တာရီယိုပြည်နယ်မှ ၂၈၈ ဦး၊ ဗြိတိသျှ ကိုလံဘီယာမှ ၄၈ ဦး၊ အယ်ဘာတာပြည်နယ်မှ ၁၂ ဦးနှင့် ဆက်စ်ခက်ချဝမ်ပြည်နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးရက်ဆက် ၂၀၀၀၀ ကျော်လာ

**နယူးဒေလီ ဇူလိုင် ၂၃** – အိန္ဒိယနိုင်ငံသည် ဇူလိုင် ၂၃ ရက်က ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၁၀၀၀ ကျော်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ အိန္ဒိယနိုင်ငံ၌ ထိုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၀၀၀ ကျော်လာခြင်းသည် သုံးရက်ဆက်ရှိပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၄၁၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သောအချက်အလက်အရ သိရသည်။ ထပ်မံကူးစက်ခံရသူများကြောင့် လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ပိုးတွေ့ဆဲလူနာအရေအတွက် ၁၅၀၁၀၀ ရှိကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၇ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# သတိထားဆင်ခြင်ဖွယ် အပူလှိုင်းအန္တရာယ်

ကျော်ထက်

**ချစ်ချစ်တောက်ပူတဲ့ အပူချိန်ကြောင့် လူသေဆုံးမှုတွေဖြစ်ပေါ်စေခဲ့တဲ့ အပူလှိုင်းဖြတ်မှုဟာ ပေါ်တူဂီ၊ စပိန်၊ ယူကေ၊ ခရိုအေးရှား၊ ပြင်သစ်၊ ဂရိ၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နော်ဝေ၊ ပိုလန်၊ ဆွစ်ဇာလန်စတဲ့ နိုင်ငံတွေမှာ အဓိက ဖြစ်ပွားနေတာ တွေ့ရပါတယ်။ အဲဒီအပူလှိုင်းနဲ့ ဆက်စပ်တဲ့ဖြစ်စဉ်တွေကြောင့် ဖော်ပြပါနိုင်ငံတွေမှာ သေဆုံးသူ စုစုပေါင်း ၃၆၅၁ ဦးအထိရှိတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားတာ တွေ့ရတယ်။ အဲဒီသေဆုံးသူစာရင်းဟာ ဇွန် ၁၂ ရက်ကနေ ဇူလိုင် ၁၈ ရက်အထိ ကောက်ယူရရှိထားတဲ့ စစ်တမ်းတစ်ခုအရသိရတာ ဖြစ်ပါတယ်။**

**ဂျာမနီနိုင်ငံက သေဆုံးသူ ၁၆၃၆ ဦးနဲ့ အများဆုံးဖြစ်**

အပူလှိုင်းကြောင့် သေဆုံးတဲ့နိုင်ငံတွေအနက် ဂျာမနီနိုင်ငံက သေဆုံးသူ ၁၆၃၆ ဦးနဲ့ အများဆုံးဖြစ်ပြီး ၎င်းနောက်မှာ စပိန်နိုင်ငံက ၁၃၃၉ ဦးနဲ့ ဒုတိယအများဆုံး၊ ပေါ်တူဂီနိုင်ငံက ၆၅၉ ဦးနဲ့ တတိယအများဆုံးနိုင်ငံအဖြစ် ရှိနေပါတယ်။ အဲဒီနောက်မှာတော့ ဗြိတိန်နိုင်ငံက ၁၂ ဦး၊ အိုင်ယာလန်နိုင်ငံက လေးဦး၊ ပိုလန်နိုင်ငံက သုံးဦးရှိတယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ အမြင့်ဆုံးအပူချိန်ဟာ ပေါ်တူဂီနိုင်ငံမှာ ဇူလိုင် ၁၄ ရက်က ဖြစ်ပွားခဲ့ပြီး ၄၇ ဒီဂရီဆဲလ်စီးယပ် (၁၁၇ ဒီဂရီဖာရင်ဟိုက်) အထိ ရှိတယ်လို့ ဆိုပါတယ်။



အပူလှိုင်းဒဏ်ကြောင့် ပေါ်တူဂီနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေသော မီးသတ်သမားများ။

**❂ ပေါ်တူဂီနိုင်ငံမှာ အပူလှိုင်းကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး စုစုပေါင်း ဟက်တာ ၃၀၀၀၀ မီးလောင်ပျက်စီးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ပြင်းထန်တဲ့ အပူလှိုင်းရိုက်ခတ်မှုကြားမှာ တောမီးတွေ ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်တဲ့အတွက် သတိပေးအခြေအနေကို ဇူလိုင် ၂၀ ရက်မှာ ဆက်လက်ထုတ်ပြန်ထားပါတယ်။ ပေါ်တူဂီအစိုးရအနေနဲ့ နိုင်ငံတစ်ဝန်း တောမီးကြောင့် သေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ဇူလိုင် ၈ ရက်ကစပြီး သတိပေးအခြေအနေကို ထုတ်ပြန်ထားတာပါ**

ပေါ်တူဂီနိုင်ငံမှာ အပူလှိုင်းကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး စုစုပေါင်း ဟက်တာ ၃၀၀၀၀ မီးလောင်ပျက်စီးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ပြင်းထန်တဲ့ အပူလှိုင်းရိုက်ခတ်မှုကြားမှာ တောမီးတွေ ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်တဲ့အတွက် သတိပေးအခြေအနေကို ဇူလိုင် ၂၀ ရက်မှာ ဆက်လက်ထုတ်ပြန်ထားပါတယ်။ ပေါ်တူဂီအစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းတောမီးကြောင့် သေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ဇူလိုင် ၈ ရက်ကစပြီး သတိပေးအခြေအနေကို ထုတ်ပြန်ထားတာပါ။ ပေါ်တူဂီနိုင်ငံမှာ ဇူလိုင်လအစကနေ စတင်ပြီး အပူလှိုင်းကြောင့် တောမီးလောင်ကျွမ်းမှုတွေဖြစ်ပွားကာ သေဆုံးသူ သုံးဦးနဲ့ ထိခိုက်ဒဏ်ရာရရှိသူ ၂၂၃ ဦး ရှိတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မီးလောင်မှုကြောင့် လူပေါင်း ၁၀၅၅ ဦးမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရတယ်လို့လည်း နောက်ဆုံးထွက်ပေါ်လာတဲ့ သတင်းတွေအရ သိရပါတယ်။

**ဂရိနိုင်ငံမှာ အပူလှိုင်းကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်**

ဂရိနိုင်ငံ အေသင်မြို့မြောက်ပိုင်းမှာ ဇူလိုင် ၁၉ ရက်က တောမီးအကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ခဲ့ပြီး နေအိမ်တွေ မီးလောင်မှုဖြစ်ပွားကာ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းခိုင်းခဲ့ရတယ်လို့ သိရပါတယ်။ ဂရိနိုင်ငံမှာ အပူလှိုင်းကြောင့် သို့မဟုတ် ရှို့မီးကြောင့် နွေရာသီတိုင်းလိုလိုမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလေ့ရှိတယ်လို့ မီးသတ်ဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူ အာတိုပိုအိုက်စ်က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ တောမီးတွေ ဆက်တိုက်လောင်ကျွမ်းမှုဖြစ်ခဲ့ပြီး သစ်တောနဲ့ လယ်ယာမြေ ဟက်တာ ၁၀၀၀၀၀ ကျော် ပျက်စီးခဲ့သလို နိုင်ငံအနှံ့အပြားရှိ လူနေအိမ်နဲ့ စီးပွားရေးလုပ်ငန်းပေါင်း ၂၀၀၀ ခန့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၈ ခုနှစ်ကတော့ အဆိုးရွားဆုံး မီးဘေးအန္တရာယ်ဖြစ်ခဲ့ပြီး အေသင်မြို့အနီး ကမ်းရိုးတန်းအပန်းဖြေစခန်း မာတီမှာ မီးဘေးအန္တရာယ်ကြောင့် လူပေါင်း ၁၀၂ ဦးအထိ သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

ဇူလိုင် ၁၈ ရက်က အိုင်ယာလန်နိုင်ငံမြို့တော် ဒဗ္ဗလင်မှာ အပူချိန် ၃၃ ဒီဂရီဆဲလ်စီးယပ် (၉၁ ဒီဂရီ ဖာရင်ဟိုက်) အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀ ရာစုနှင့် ၂၁ ရာစုအတွင်း အပူချိန်အမြင့်ဆုံးစံချိန်အဖြစ် ရောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အိုင်ယာလန်နိုင်ငံရဲ့ အပူချိန်အမြင့်ဆုံးစံချိန်မှာ ၁၈၈၇ ခုနှစ်ကဖြစ်ပြီး ၃၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် (၉၁ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်) နဲ့ မှတ်တမ်းတင်ထားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒါကို မကြာသေးခင်နှစ်တွေအတွင်း လူတချို့က ပြန်လည်ဆန်းစစ်ဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။

နယ်သာလန်နိုင်ငံရဲ့ အလယ်ပိုင်းနဲ့ တောင်ပိုင်းပြည်နယ်တွေမှာ အပူချိန်သတိပေးချက် အဝါရောင်အဆင့်အဖြစ် တော်ဝင်မိုးလေဝသဌာနက ဇူလိုင် ၁၈ ရက်မှာ ထုတ်ပြန်ထားပါတယ်။ ဇူလိုင် ၁၉ ရက်က အလယ်ပိုင်းပြည်နယ်တွေမှာ ၃၆ ဒီဂရီဆဲလ်စီးယပ် (၉၇ ဒီဂရီဖာရင်ဟိုက်) ရှိပြီး တောင်ပိုင်းပြည်နယ်တွေမှာ ၃၈-၃၉ ဒီဂရီဆဲလ်စီးယပ် (၁၀၀-၁၀၂ ဒီဂရီဖာရင်ဟိုက်) ရှိတယ်လို့ ဆိုပါတယ်။

**အပူလှိုင်းမြင့်တက်လေ သေဆုံးနှုန်းမြင့်လေ**

စပိန်နိုင်ငံ နေရာအချို့မှာ ဇူလိုင် ၁၈ ရက်က အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်အထိရောက်ရှိလာပြီး အပူလှိုင်းဖြတ်မှု ပထမသီတင်းပတ်အတွင်း အပူလှိုင်းနဲ့ဆက်စပ်တဲ့ ဖြစ်စဉ်တွေကြောင့် သေဆုံးသူ ၅၁၀ အထိ ရှိလာတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ အဲဒီသေဆုံးမှုတွေဟာ ဇူလိုင် ၁၀ ရက်ကနေ ၁၆ ရက်အတွင်းဖြစ်ကြောင်း ကားလို့စ် ကျန်းမာရေးအဖွဲ့အစည်း (ISCIII) က ပြောပါတယ်။ စပိန်နိုင်ငံမှာ အပူချိန်မြင့်တက်လာတာနဲ့အမျှ အပူလှိုင်းနဲ့ဆက်စပ်တဲ့ သေဆုံးသူအရေအတွက်လည်း သိသိသာသာမြင့်တက်လာတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဇူလိုင် ၁၀ ရက်ကနေ ၁၃ ရက်အထိ လေးရက်အတွင်း သေဆုံးသူ ၁၅ ဦးကနေ ၆၀ အထိ လေးဆတိုးလာပြီး ကြာသပတေးနေ့မှာ ၉၃ ဦး၊ သောကြာနေ့မှာ ၁၂၃ ဦးနဲ့ သေဆုံးမှုဆင့်ကဲဆင့်ကဲတိုးလာကာ စနေနေ့မှာတော့ သေဆုံးမှု အမြင့်ဆုံးအဖြစ် ၁၅၀ အထိ ရှိခဲ့ပါတယ်။ အဲဒီသေဆုံးမှုတွေကို ကြည့်ရင် သက်ကြီးရွယ်အိုတွေ အများဆုံးဖြစ်ပြီး သေဆုံးသူ ၅၁၀ မှာ အသက် ၈၅ နှစ်နဲ့အထက်ရှိတဲ့ သေဆုံးသူ ၃၂၀ ဦး၊ အသက် ၇၅ နဲ့ ၈၄ နှစ်ကြား ၁၂၀ ဦးနဲ့ ၆၅ နဲ့ ၇၄ နှစ်ကြား ၄၄ ဦး ပါဝင်တယ်လို့ သိရပါတယ်။

**စပိန်နိုင်ငံရဲ့ ပထမအကြိမ် အပူလှိုင်းဖြတ်မှုမှာ သေဆုံးသူ ၈၂၉ ဦးရှိခဲ့**

စပိန်နိုင်ငံရဲ့ အဲဒီအပူလှိုင်းဖြတ်မှုဟာ ဒီနှစ်မှာ အပြင်းထန်ဆုံးအပူလှိုင်းဖြတ်မှု ဒုတိယအကြိမ်မြောက်ဖြစ်တယ်လို့ ဆိုပါတယ်။ စပိန်နိုင်ငံရဲ့ ပထမအကြိမ် အပူလှိုင်းဖြတ်မှုဟာ ဇွန် ၁၁ ရက်ကနေ ဇွန် ၁၇ ရက်အထိ ဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်း သေဆုံးသူ ၈၂၉ ဦးအထိ ရှိခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဒါကြောင့် စပိန်နိုင်ငံ အာဏာပိုင်တွေဟာ ရေများများသောက်ဖို့၊ လေ့ကျင့်ခန်းအလွန်အကျွံလုပ်ခြင်းမှ ရှောင်ရှားဖို့နဲ့ တတ်နိုင်သမျှ အိမ်ထဲမှာနေဖို့ ပြည်သူတွေကို အကြံပြုထားပါတယ်။

အပူချိန်အမြင့်ဆုံး သတိပေးချက် အနီရောင်အဆင့် သတ်မှတ်ထားတဲ့ ပထမရက် ဇူလိုင် ၁၈ ရက်မှာ အင်္ဂလန်နိုင်ငံအရှေ့ပိုင်း ဆပ်ဖ်ဖော့ခ်ဒေသမှာ ၃၈ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ် (၁၀၀ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) အထိ ရှိခဲ့တယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ အဲဒီအပူချိန်ဟာ အပူဆုံးရက်တစ်ရက်ကို ဖြစ်စေခဲ့ပြီး တတိယမြောက်အပူဆုံးနေ့အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ်က အပူလှိုင်းဖြတ်မှုဟာ ကနေဒါနိုင်ငံ အနောက်ပိုင်းနဲ့ အမေရိကန်နိုင်ငံ အနောက်ပိုင်းတွေမှာ ဇွန် ၂၅ ရက်ကနေ ဇူလိုင် ၇ ရက်အထိ ဖြစ်ပွားခဲ့တယ်လို့ မှတ်တမ်းတွေအရ သိပါတယ်။ အဲဒီနှစ်မှာ အပူလှိုင်းနဲ့ ဆက်စပ်တဲ့ဖြစ်စဉ်တွေကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၀၀ ကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ကနေဒါနိုင်ငံမှာ သေဆုံးသူ စုစုပေါင်း ၈၀၀ ကျော်ရှိပြီး အမေရိကန်နိုင်ငံမှာ ၆၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အပူချိန်အမြင့်ဆုံး စံချိန်က ဗြိတိသျှကိုလံဘီယာမှာဖြစ်ပြီး ၄၉ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် (၁၂၁ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်) အထိ ရှိတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အဲဒီအပူအချိန်ဟာ ကနေဒါနိုင်ငံမှာ အမြင့်ဆုံး အပူချိန်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ။

## ဇူလိုင် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၇၉ ရာခိုင်နှုန်းရှိ

(၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၉၀,၃၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၉၄၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၂ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၃) ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၃) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၇) ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၇) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၄၉) ခု | (၂၇)ဦး |
| စုစုပေါင်း | (၅,၄၆၁) ခု | (၄၃)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၃-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၄၅၈၃၉ | ၈၇၂၂၀၉၈၆ | ၁၀၅၁၉၁၂ |
| ၂။ | အိန္ဒိယ | ၄၃၈၆၈၄၇၆ | ၄၃၁၉၂၃၇၉ | ၅၂၅၉၉၇ |
| ၃။ | ဘရာဇီး | ၃၃၅၅၅၅၂၆ | ၃၁၈၇၇၅၃၁ | ၆၇၆၈၂၆ |
| ၄။ | ပြင်သစ် | ၃၃၄၁၃၆၉၈ | ၃၁၁၈၀၂၁၄ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၂၃၄၄၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၇၁၁၄၃ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၅၃၉၀၁၆ | ၁၈၉၁၈၈၉၅ | ၁၇၀၆၈၂ |
| ၈။ | တောင်ကိုရီးယား | ၁၉၁၄၆၁၈၀ | ၁၈၃၈၉၁၇၂ | ၂၄၈၅၅ |
| ၉။ | ရုရှား | ၁၈၅၂၄၇၃၂ | ၁၇၉၃၃၈၆၂ | ၃၈၂၁၁၈ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

### ၂၃-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၇၂၀၀ | ၉၈၅၁၅၀၄ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၆၄၂၇၁ | ၅၉၆၈၃၀၄ | ၁၅၆၉၀၂ |
| မလေးရှား | ၄၆၄၄၁၁၅ | ၄၅၅၉၅၄၅ | ၃၅၉၀၂ |
| ထိုင်း | ၄၅၇၃၄၆၃ | ၄၅၁၇၆၃၆ | ၃၁၁၃၀ |
| ဖိလစ်ပိုင် | ၃၇၄၈၉၇၉ | ၃၆၆၂၅၆၆ | ၆၀၆၇၀ |
| စင်ကာပူ | ၁၆၄၅၀၉၂ | ၁၅၄၂၀၄၁ | ၁၄၆၈ |
| မြန်မာ | ၆၁၃၉၄၀ | ၅၉၂၇၈၉ | ၁၉၄၃၄ |
| လာအို | ၂၁၀၇၆၆ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၉၃၄၃၄ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၅၃၂ | ၁၃၃၃၅၂ | ၃၀၅၆ |

### မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၂၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# သဘာဝဘေးလျော့ပါးရေး အလေးထား ကြိုတင်ပြင်ဆင်ကာကွယ်

မော်ကျွန်းမြင့်အောင်

**မြန်မာနိုင်ငံ၌ ဝဿန်ကာလ မိုးရာသီသို့ ရောက်လာပြီဆိုလျှင် သဘာဝဘေးအန္တရာယ်များကား တစ်ခုမဟုတ်တစ်ခု ရောက်လာတတ်ပေသည်။ စာရေးသူတို့ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်များကျရောက်သည့် နိုင်ငံများစာရင်းတွင် အပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ မိုးရာသီကာလတွင် မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းဟူ၍ ရှိပါသည်။ မိုးဦးနှင့် မိုးနှောင်းကာလတို့သည်ကား သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်တတ်သော ကာလများ ဖြစ်သည်။**



မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ ရေယာဉ်စီးခရီးသည်တစ်ဦးအား အသက်ကယ်အင်္ကျီ ဝတ်ဆင်နည်းကို ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးက လက်တွေ့ပြသနေစဉ်။

**❖ မိမိရပ်ကွက်၊ ကျေးရွာ အုပ်စုနယ်မြေသည် အဝေးပြေးလမ်းမကြီးများနှင့် ထိစပ်နေပါက အဝေးပြေးလမ်းမကြီးများကို အသုံးပြုပြီး မုန်တိုင်းသဘာဝဘေးမှ ကင်းလွတ်ရာ နေရာသို့ အချိန်မီရွှေ့ပြောင်းကြရမည်ဖြစ်သည်။ ယခုအခါ ဇူလိုင်လ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်ရာ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ အခါမရွေး ကျရောက်နိုင်သည့်အတွက် ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရမည်ဖြစ်ပါသည်**

### သဘာဝဘေးဆိုသည်မှာ

သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သော ဖြစ်စဉ်တစ်မျိုးဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုအရ အချိန်တိုကာလတစ်ခုအတွင်း အရပ်ဒေသတစ်ခု သို့မဟုတ် တစ်ခုထက်ပိုမိုသော အရပ်ဒေသများဆီသို့ အလျင်အမြန် ကျရောက်တတ်သော သဘောသဘာဝမျိုး ဖြစ်သည်။

သဘာဝဘေးကျရောက်မည့် အချိန်အတိအကျ ခန့်မှန်းရန် ခဲယဉ်းသော်လည်း အတိုင်းအတာတစ်ခုအထိ အနီးစပ်ဆုံး မှန်ကန်စွာသိရှိနိုင်ရန် မိုးလေဝသဌာနက ခန့်မှန်းနိုင်ကြပြီဖြစ်သည်။ ခန့်မှန်းရရှိသော မိုးလေဝသသတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြည်သူများ သိရှိနိုင်ရန် အားချင်း ထုတ်ပြန်ကြေညာပေးရသည်။ ထိုသို့ မိုးလေဝသဌာန၏ အကျိုးပြုမှုများကြောင့် ပြည်သူများ မုန်တိုင်းနှင့် ပတ်သက်သည့် ဗဟုသုတများစွာ ရရှိကြသည်။ ကြိုတင် ကာကွယ်နိုင်ကြသည်။ ယင်းဖြစ်ပေါ်လာသော မုန်တိုင်းသည် မည်သည့်အဆင့်ရှိကြောင်း၊ မုန်တိုင်းဗဟိုချက်နှင့် အကွာအဝေး မည်မျှတွင်တည်ရှိနေကြောင်း၊ မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားခြင်း မရှိသေးပါကြောင်း စသည်ဖြင့် ပြည်သူများစိုးရိမ်ပူပန်မှု မရှိရလေအောင် မိုးလေဝသဌာနက မိုးလေဝသသတင်းများအဖြစ် အချိန်ခြား၍ အဆက်မပြတ် ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

### နာဂစ်မုန်တိုင်း

ထို့နည်းတူစွာပင် ကမ္ဘာနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံသည်လည်း နွေရာသီတွင် ယခင်ကနှင့်မတူ အပူချိန်မြင့်တက်လာသည်။ မိုးလေဝသမှတ်တမ်းများအရ ၁၉၇၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် အပူချိန်သိသိသာသာ မြင့်တက်လာခြင်းကို ပြည်သူတို့ တွေ့ကြုံရင်ဆိုင်နေရပေသည်။ စာရေးသူတို့မြန်မာနိုင်ငံမှာ သဘာဝဘေး လေမုန်တိုင်းများလည်း ရံဖန်ရံခါ ကျရောက်သည်။ အထူးသဖြင့် မိုးကြိုကာလတွင် မုန်တိုင်းဖြစ်ပေါ်မှု ပိုမိုပါသည်။ အင်အားအလွန် ပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းမှာ မိုးကြိုမုန်တိုင်းပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်သန္ဓေတည်ခဲ့ပြီးနောက် မေ ၁ ရက်တွင် ဧရာမမုန်တိုင်းကြီးအဖြစ် ပြောင်းလဲရောက်ရှိသွားသည်။ မေ ၂ ရက်တွင် ကုန်းမြေဆီသို့ ဦးတည်တိုက်ခတ်ခဲ့သည်။ ယင်းသဘာဝဘေး မိုးကြိုမုန်တိုင်းသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းဒေသကြီးများဆီသို့ ဦးတည်ဝင်ရောက်တိုက်ခတ်ခဲ့သည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။ ပြည်သူထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်။ နေအိမ်အဆောက်အဦ၊ ဥယျာဉ်၊ ခြံမြေများ ပျက်စီးခဲ့ကြရသည်။ မိသားစုများ သေကျေပျက်စီးကာ တကွဲတပြား ဖြစ်ခဲ့ကြသည်။ လူမှုဒုက္ခမျိုးစုံ မကြုံစဖူးတွေ့ကြုံ ခံစားကြရသည်။ ဤနာဂစ်ဘေးသည်ကား သမိုင်းဝင် ဆုံးရှုံးမှုအကြီးမားဆုံး သဘာဝဘေးအန္တရာယ် ဖြစ်သည်။

နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် အသက်သေဆုံးမှုနှင့် ပစ္စည်းဆုံးရှုံးမှု အများဆုံး မြို့နယ်များမှာ ဘိုကလေးမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့ ဖြစ်ကြသည်။ ဒေသခံပြည်သူများသည် သဘာဝဘေး မုန်တိုင်းကို ဖွဲ့သတ္တိဖြင့် ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ကြသည်။ အချိန်မီ ရုန်းထနိုင်ခဲ့ကြသည်။ ပြန်လည် တည်ဆောက်နိုင်ခဲ့ကြသည်။ ထိုသဘာဝဘေး အန္တရာယ်များသည် မြန်မာနိုင်ငံသို့ မဖိတ်ခေါ်ဘဲနှင့် ညှော့သည်အနေဖြင့် အလည်ဝင်ရောက်လာတတ်သည့် သဘောရှိသည်။ တစ်နည်းဆိုရလျှင် သဘာဝဘေးသည် တစ်ကြိမ်လာရောက်ပြီးပါက နောက်တစ်ကြိမ်လာရန် လမ်းစရှိနေပြီဖြစ်သည်။ ယင်းနာဂစ် သဘာဝဘေးကာလအတွင်း လပွတ္တာမြို့နယ် ဆားကျင်းများ ပျက်စီးမှုနှင့် ဘိုကလေး၊ ဖျာပုံ မော်တော်ကားလမ်း ပျက်စီးမှုသတင်းများနှင့် ပတ်သက်၍ ပြည်သူများ သတင်းမှန်သိရှိနိုင်စေရန်အတွက် စာရေးသူသည် နာဂစ်ဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မြင်ကွင်းအဖုံဖုံ သတင်းစုံကိုရယူခဲ့ရသည်။ ဆောင်းပါးများ ရေးသားပြီး ပြည်သူထံ သတင်းမှန် ပြန်လည်တင်ပြခဲ့ရပါသည်။

### ရာသီဥတုဖောက်ပြန် ပြောင်းလဲလာ

ယခုအခါ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များသည် ယခင်ကနှင့်မတူ ပြောင်းလဲမှုမြန်ဆန်လာသည်။ အထူးသဖြင့် ၂၁ ရာစု အစပိုင်းမှစ၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ပိုမိုသိသာထင်ရှားလာခဲ့သည်။ သို့ဖြစ်ရာ ရာသီဥတုတို့မှာ ပုံမှန်ဖြစ်ပေါ်မှုမျိုး မဟုတ်တော့ဘဲ ပြောင်းလဲဖောက်ပြန်လာသောကြောင့်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူတို့၏ မဆင်မခြင် ဆောင်ရွက်မှု၊ အခြားစည်းကမ်းမဲ့ လုပ်ဆောင်မှုများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်းဖြစ်သည်။ သဘာဝဖြစ်စဉ်များသည် တစ်စထက်တစ်စ ယိုယွင်းပျက်စီးလာသဖြင့် အေးချမ်းသာယာသော ကမ္ဘာကြီးမှာ ပူနွေးလာခဲ့သည်။ ဆိုးရွားသည့် အကျိုးဆက်များလည်း ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်။

### ကြိုတင်ပြင်ဆင်ကာကွယ်

ထို့ကြောင့်လည်း သဘာဝဘေးများဖြစ်သော လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ပင်လယ်ဒီရေ အဆမတန်မြင့်တက်လာခြင်း၊ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခြင်း၊ ရုတ်တရက် ရေကြီးလာခြင်း၊ မြေပြိုလာခြင်းနှင့် သတ်မှတ်ချက်ထက် ပိုမိုပြီး မြစ်ရေကြီးလာခြင်း စသောသဘာဝဘေးများမှာ အချိန်တို ကာလအတွင်း အလျင်အမြန် ကျရောက်တတ်သဖြင့် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ကာကွယ်ဆောင်ရွက်ထားကြရမည် ဖြစ်ပေသည်။

ဤသို့ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်ကာကွယ်ရေး နည်းလမ်းများဖြင့် ဆောင်ရွက်ကြရာတွင် ပြည်သူများကလည်း နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး သဘာဝဘေး မကျရောက်မီကာလအတွင်း ကြိုတင်ပြင်ဆင်စုဆောင်းထားရှိကြရမည် ဖြစ်သည်။

၁။ အရေးကြီး စာရွက်စာတမ်းများ

၂။ အဖိုးတန် ရွှေ၊ ငွေပစ္စည်းများ

၃။ မရှိမဖြစ်သော ဆေးဝါးများ

၄။ လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို မိမိတို့နှင့် တစ်ပါတည်း ယူဆောင်ထားနိုင်ရန် ထုပ်ပိုး ပြင်ဆင်ထားရမည်ဖြစ်သည်။ ထို့ပြင် မုန်တိုင်းလမ်းကြောင်းနှင့် ကင်းလွတ်သည့်နေရာသို့လည်း ရွှေ့ပြောင်းထားရမည်ဖြစ်သည်။ မိမိတို့ ကျေးရွာအုပ်စုတွင် ဆိုင်ကလုန်းရှယ်လ်တာ အဆောက်အဦရှိပါက ဆိုင်ကလုန်းရှယ်လ်တာ အဆောက်အဦများပေါ်သို့ မိသားစုများပါ ခေါ်ဆောင်ပြီး ယာယီခိုလှုံနေထိုင်ကြရမည်ဖြစ်သည်။ မိမိတို့ နေအိမ်ကိုလည်း အတတ်နိုင်ဆုံး ခိုင်ခန့်အောင် ကြိုတင်ပြင်ဆင်ထားခဲ့ရမည်ဖြစ်သည်။

### ရဲရဲရင်ဆိုင်နိုင်ကြမည်

ထို့ပြင် မုန်တိုင်းကျရောက်သည့်အချိန်တွင် အနီးကပ်ဆုံး သို့မဟုတ် အစိတ်အပိုင်းအတွင်း ကျရောက်နေပါက အလျင်အမြန်ပြင်ဆင်ပြီး ရွှေ့ပြောင်းကြရန် ဖြစ်သည်။ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုနယ်မြေသည် အဝေးပြေးလမ်းမကြီးများနှင့် ထိစပ်နေပါက အဝေးပြေးလမ်းမကြီးများကို အသုံးပြုပြီး မုန်တိုင်းသဘာဝဘေးမှ ကင်းလွတ်ရာနေရာသို့ အချိန်မီ ရွှေ့ပြောင်းကြရမည်ဖြစ်သည်။ ယခုအခါ ဇူလိုင်လ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်ရာ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ အခါမရွေး ကျရောက်နိုင်သည့်အတွက် ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရမည်ဖြစ်ပါသည်။ ဤသို့ မုန်တိုင်းသဏ္ဌာန်တူ လေ့ကျင့်ပြင်ဆင်ထားပါက ဒေသခံပြည်သူများအနေဖြင့် မုန်တိုင်းကို ကြောက်ရွံ့မနေတော့ဘဲ ရဲရဲရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ပင်လယ်နှင့် ထိစပ်နေသော မြို့နယ်များ၊ ကျေးရွာများအနေဖြင့် မုန်တိုင်းအန္တရာယ် သတိပေးချက်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်များ၊ အခြားမီဒီယာများမှ ရယူကြရမည်ဖြစ်သည်။ ယင်းရပ်ကွက်၊ ကျေးရွာများအနေဖြင့် မြန်မာ့အသံ ရေဒီယိုကို အမြဲမပြတ်ဖွင့်ထားပြီး ရေဒီယိုနားထောင်သည့်အလေ့အကျင့်ပြုစုပျိုးထောင်ထားကြရန် ဖြစ်သည်။ ရေဒီယိုသည် တောင်ပေါ်၊ မြေပြန့်မခွဲခြား၊ ပင်လယ်ပိုင်းခရီးသို့ပင် တိုက်ရိုက်အရောက်သွားပြီး သတင်းစကား ဖြန့်ချီလျက်ရှိရာ မြန်မာ့အသံရေဒီယိုသည် အသက်ဖြစ်ပါသည်။ ရေဒီယိုမှ မိုးလေဝသသတင်းများ နားထောင်ရမည်။ ရေဒီယိုမရှိလျှင် သတင်းအဆက်အသွယ် ဘာမျှ မရရှိနိုင်ပါ။ သို့ပါသောကြောင့် ရပ်ကွက်၊ ကျေးရွာနယ်မြေ၊ တောင်ပေါ်နှင့် မြေပြန့်၊ ပင်လယ်ပိုင်းဒေသများပါမကျန် ဒေသခံပြည်သူများ၏ နေအိမ်တစ်အိမ်လျှင် ရေဒီယိုတစ်လုံးထားရှိနိုင်ရန် စီစဉ်ကြရမည်ဖြစ်သည်။

အနှစ်ချုပ်တင်ပြရလျှင် သဘာဝဘေးသည် ကြောက်စရာ အကောင်းဆုံးဖြစ်သည်။ လူတို့၏ မဆင်မခြင်၊ စည်းကမ်းမဲ့ လုပ်ဆောင်မှုများကြောင့် သဘာဝပတ်ဝန်းကျင် တစ်စတစ်စ ယိုယွင်းပျက်စီးလာသည်။ ရာသီဥတုမှာလည်း ပုံမှန်မဟုတ်တော့ဘဲ ပြောင်းလဲမှုဖြစ်စဉ် မြန်ဆန်လာသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ပြည်သူများအနေဖြင့် ယခု မိုးရာသီကာလတွင် သဘာဝဘေးအန္တရာယ်များ ရှိနေပါ၍ ဂရုပြုနေထိုင်ကြပြီး "သဘာဝဘေး လျော့ပါးရေး အလေးထား ကြိုတင်ပြင်ဆင်ကာကွယ်" သွားကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော (၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

ပခုက္ကူဦးအုံးဖေ တည်ထောင်သော(၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများ ဖိတ်ခေါ်ကြောင်း ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ကြေညာထားသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ် ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းက တစ်မျိုးစီပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပထမဆုတစ်ဆုလျှင် ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆုတစ်ဆုလျှင် ငွေကျပ်ငါးသိန်း၊ တတိယဆုတစ်ဆုလျှင် ငွေကျပ်လေးသိန်း ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုဘာသာရပ် ငါးမျိုးအတွက် စာပေပြိုင်ပွဲဝင်လိုသူများသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်(သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင်အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့်၊ အမှတ် ၅၂၉-၅၃၁ ရှိစာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁၊ (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် အခြားစာအုပ်များ ဖြန့်ချိရောင်းချ

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆုရစာအုပ်များ၊ အခြားစာအုပ်များနှင့် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တို့ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

### သားသို့ပေးစာများ




လူငယ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ နွေကုံကော် (မြို့လှ) ၏ "သားသို့ပေးစာများ" စာအုပ်တွင် ပေးစာအမှတ် (၁) မှ ပေးစာအမှတ် (၂၁) အထိ သားသို့ပေးစာ ၂၁ စောင်ပါရှိပြီး ၎င်းပေးစာများသည် လူငယ်တစ်ဦး လျှောက်လှမ်းရမည့်လမ်းကို ညွှန်ပြထားသကဲ့သို့ အောင်မြင်မှု ရရှိရေးအတွက် လမ်းပြမြေပုံကိုလည်း ဖွင့်ပြထားသည်။ မိဘက သားသမီးအပေါ် ထားရှိသည့် မေတ္တာတရား၊ သားသမီးအတွက် အလိုလိုဖြစ်ပေါ်လာသော စိတ်ဓာတ်ခွန်အားများ၊ လူတစ်ဦးနှင့်တစ်ဦး ထားရှိအပ်သည့် ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ရုပ်ရှင်ဇာတ်ကား၊ တေးသီချင်းများ၊ ဘောလုံးပွဲများမှ သင်ခန်းစာယူဖွယ်၊ အတုယူဖွယ်များကိုလည်း ဖွင့်ဆိုရေးဖွဲ့ထားသည့်အပြင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ရေး၊ ခြိုးခြံချွေတာရေး၊ မိတ်ဆွေကောင်းများနှင့် အတူနေထိုင်ရေး၊ အကောင်းမြင်စိတ်ထားရှိရေး စသည်ဖြင့် လူငယ်တစ်ဦးအတွက် တိုးတက်အောင်မြင်ရေးလမ်းညွှန်များကို သားကို မှာကြားသည့်ဟန်ဖြင့် ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြစ်သည်။

### ဂါလီဗာ၏ခရီးစဉ်




၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိသည့် ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) (၁၉၀၉-၂၀၀၆) ဘာသာပြန်ဆိုသည့် "ဂါလီဗာ၏ခရီးစဉ်" စာအုပ်ကို စာပေဗိမာန်က ပြန်လည် ထုတ်ဝေလိုက်ပါသည်။ ယင်းစာအုပ်သည် ၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ) ရရှိခဲ့သော စာအုပ်ဖြစ်သည်။

မူရင်းစာအုပ်မှာ အင်္ဂလိပ် ဂန္ထဝင်စာရေးဆရာကြီး ဂျော်နသန်ဆွစ် (Jonathan swift) (၁၆၆၇-၁၇၄၅) ရေးသားသည့် "Gulliver's Travels" စာအုပ်ဖြစ်ပြီး ၁၇၂၆ ခုနှစ်၌ ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှာ ကမ္ဘာ့ဂန္ထဝင်စာအုပ်အဖြစ် ထင်ရှားပြီး ရုပ်ရှင်အဖြစ်လည်း ကျော်ကြားခဲ့ပါသည်။ စာရေးသူ ဂျော်နသန်ဆွစ်သည် အင်္ဂလိပ်စာပေရှိ လောကသရော်စာအဖွဲ့တွင် အလွန်ပြောင်မြောက်သော စာရေးဆရာဖြစ်သည်။ "ဂါလီဗာ၏ခရီးစဉ်" စာအုပ်သည် နယ်ချဲ့အင်အားကောင်းစပြုလာသော ၁၈ ရာစုခေတ်ဦး၌တွေ့ရသည့် အင်္ဂလန်နိုင်ငံ လူ့အဖွဲ့အစည်းကို ကျောရိုးပြုလျက် လှောင်ပြောင်သရော် ရေးသားထားသည့် စာအုပ်ဖြစ်သည်။ စာအုပ်တွင် အပိုင်းလေးပိုင်းပါဝင်ပြီး ခွဲစိတ်ဆရာဝန် သင်္ဘောကပ္ပတိန်တစ်ဦး၏ စိတ်ကူးဖြင့် ကမ္ဘာကို လှည့်လည်သော ခရီးစဉ်အကြောင်းကို သရော်စာ အရေးအဖွဲ့ဖြင့် ရေးသားထားသည်။

"ဂါလီဗာ၏ခရီးစဉ်" စာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၈၁ ခုနှစ်တွင် စပယ်ဦးစာပေ၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၁ ခုနှစ်တွင် ရာပြည့်စာပေတိုက်တို့က ထုတ်ဝေခဲ့ပြီး တတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေခြင်းဖြစ်ကာ စာအုပ်တွင် စာမျက်နှာ ၃၅၈ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြစ်သည်။

### နာပေါင်းကုဋေ ဆရာ့မြေဝယ်




စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာမ နန္ဒာခင် (သက္ကလမြေ) ၏ "နာပေါင်းကုဋေ ဆရာ့မြေဝယ်" စာအုပ်တွင် မရိုးနိုင်သော အာစရိယ ဆရာလောက၏ ကြုံတွေ့ရသော ဘဝအထိုထို အတွေ့အကြုံများကို သရုပ်ဖော်ထားသည်။ ဆရာ့လုပ်ငန်း အခန်းခန်း အထွေထွေဟု ဆိုသည့်အတိုင်း ပညာသင်ကြားရေး အလုပ်သာမက အထွေထွေ ဖြေရှင်းဆောင်ရွက်ရသည့် စေတနာ၊ အနစ်နာ၊ အကြင်နာ စသည့် နာပေါင်းကုဋေထွေပြားသော ဆရာ့ဘဝကို ကိုယ်တွေ့သုတအမြင်ဖြင့် ရေးသားထားသည်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်တွင် ကျောင်းဆရာမဘဝ ဆွဲခန့်ဆရာအဖြစ်မှ သက်ပြည့်အငြိမ်းစားယူသည်အထိ ပညာရေးနယ်ပယ်၌ စာရေးသူကိုယ်တိုင်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြစ်သည်။

### ကဗျာကောက်သင်းကောက်(ဒုတိယတွဲ)




စာရေးဆရာ သူရဇော်၏ "ကဗျာကောက်သင်းကောက်" (ဒုတိယတွဲ) စာအုပ်သည် ကဗျာရှင်၏ ကဗျာရေးသက် နှစ် ၆၀ အတွင်း ရေးဖွဲ့သီကုံးထားခဲ့သော ကဗျာလေးများကို စုစည်း၍ အသက် (၈၀) ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသည့် စာအုပ်ဖြစ်ပြီး ကဗျာပုဒ်ရေ ၁၉၀ ပါဝင်သည်။

ယင်းကဗျာများတွင် ထူးခြားစွာ လေးချိုးကဗျာဖွဲ့ထားသည့် "ရွှေစည်းခုံစေတီတော် အပြင်အံ့ကိုးပါး" ကဗျာ၊ ပုံသဏ္ဌာန်ဆန်းသစ်တီထွင်ရေးဖွဲ့ထားသော "ဆန္ဒင်းမကင်းမုန့်ပုံ" လင်္ကာစပ်ကဗျာ၊ ဂုဏ်ပြုပူဇော်ရေးဖွဲ့ထားသော တေးထပ်ကဗျာများ၊ အချစ်ကဗျာများ၊ ခရီးစဉ်အစအဆုံးကို ထင်ထင်ရှားရှားမြင်ရသည့် ခရီးသွားကဗျာများ၊ ကျေးလက်မြန်မာမှုတောဓလေ့ကဗျာများ၊ ပတ်ဝန်းကျင်တွင် ကြုံတွေ့မြင်တွေ့ရသည့် အဖြစ်အပျက်များကို အခြေခံပြီး ရေးဖွဲ့ထားသည့် ကဗျာများအပြင် မင်္ဂလာတေးထပ်ကဗျာများ ပါဝင်သည်။ ကဗျာများကို ရှစ်လုံးဖွဲ့၊ ရတု၊ တေးထပ်၊ လေးချိုး၊ ဒွေးချိုး၊ ဒွေးချိုးတွဲ၊ လေးချိုးတွဲ၊ အချိုးတွဲစသည့် စပ်လုံး မျိုးစုံဖြင့် ကဗျာဆရာက အနုပညာရသမြောက်စွာ ခံစားသီကုံးရေးဖွဲ့ထားပေသည်။ ကဗျာကို တန်ဖိုးထား ချစ်မြတ်နိုးသူ စာဖတ်ပရိသတ်များအတွက် လက်မလွှတ်သင့်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြစ်သည်။

### မိုးယံထက်က အလှပန်းများနှင့် အခြားဝတ္ထုတိုများ

ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ မင်းလပြည့် (ဟားခါး)၏ "မိုးယံထက်က အလှပန်းများနှင့် အခြားဝတ္ထုတိုများ" စာအုပ်တွင် ဆူး၊ တစ်မိုးအောက်မှာ၊ နှင်းမှုန်ကြားက ကျမျက်ရည်စသည့် ဝတ္ထုတို ၁၄ ပုဒ် ပါရှိပြီး ချင်းတိုင်းရင်းသား လူမျိုးတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့များ၊ ရိုးရာပွဲတော်များဖြစ်ကြသည့် "ကျားအောင်ပွဲ"၊ "ပိုက်(နပန်းလုံးပြိုင်ပွဲ) "၊ "သားရေထိုးပွဲ" များ၏ နှစ်သက်မြတ်နိုးဖွယ် စည်းလုံးညီညွတ်မှုများ၊ ထိုချင်းမျိုးနွယ်စု၏ ပါးရဲထိုး (ပန်းမျက်နှာ)အလှ အလေ့အထများ၊ ခွန်အားကြီးမားကြွခိုင်ပြီး ရန်သူကို အရှုံးမပေးတတ်သည့် နွားနောက်ကို ပမာပြုကာ ရှာလ်လုမ်ခံတပ်ကြီး တည်ဆောက်ပြီး အသက်၊ သွေးချွေးများကို စတေး၍ နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချချ တိုက်ထုတ်ခဲ့ကြပုံများ၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပုံများအပြင် မိရိုးဖလာ ရိုးရာယဉ်ကျေးမှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ သစ်တောနှင့် သစ်ပင်များကို ချစ်ခင်သွားကြရန်၊ အောက်ချင်းငှက်ကဲ့သို့ သစ္စာရှိ မေတ္တာထားကြရန် ညွှန်းဆိုခြင်းများကို ဝတ္ထုတိုတစ်ပုဒ်ချင်းတွင် ရသပါပါရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြစ်သည်။




### ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သဘာဝဘေးအန္တရာယ်လျော့ပါးဖို့ အလေးပေးဆောင်ရွက်ကြပါစို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ သန့်လွင်ထွန်း (MPA) တို့၏ သဘာဝဘေးအန္တရာယ်လျော့ပါးဖို့ အလေးပေးဆောင်ရွက်ကြပါစို့ မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ ပါမောက္ခကိုကိုအောင်၊ နေသူရိန်၊ K. M. A၊ ထက်အောင် (စစ်ကိုင်း)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာမြင့်သန်းတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ စိုးစိုး(ပန်းတောင်း)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ရဲထက်ဇော်၊ မြသိန်းတို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားကာ ရောင်းဈေးမှာ ငွေကျပ် ၂၅၀၀ ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၁) ကြိမ်မြောက်

## တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

## The 11th Traditional Medicine Research Congress

## ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

## မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီအချိန်အထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍ မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ်နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကျိုင်းတုံမြို့နယ်တွင် မြေငလျင်လှုပ်မှုကြောင့် ခရစ်ယာန်ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီး

**ကျိုင်းတုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၏ အရှေ့ဘက် ၁၈ မိုင်ခန့်အကွာတွင် ရစ်(ချ်)တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု ဇူလိုင် ၂၁ ရက် မြန်မာစံတော်ချိန် ၂၃ နာရီ ၃၇ မိနစ် ၂၆ စက္ကန့်တွင် လှုပ်ခဲ့ရာ ခရစ်ယာန်ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ကျိုင်းတုံမြို့နယ် နမ့်လီ/နမ့်လုံကျေးရွာအုပ်စု မိုင်းယွန်းအခြေခံပညာကျောင်းမှ သုံးခန်းတွဲ ကျောင်းဆောင်နှင့် အဆိုပါကျောင်း၏ နှစ်ခန်းတွဲ သန့်စင်ခန်း ပြိုကျပျက်စီးခဲ့ပြီး နမ့်လီ/နမ့်လုံကျေးရွာအုပ်စု ကဲရွှေကျေးရွာ ခရစ်ယာန်ဘုရားကျောင်း ပျက်စီးခဲ့ကာ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အလားတူ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ တစ်ထပ်တိုက်အဆောက်အအုံနှင့် သွပ်မိုးမြေအုတ်ကာ လေးခန်းတွဲ တစ်ထပ်ဆောင်တို့၏ နံရံများ၊ ယန်းခကျေးရွာအုပ်စု ယန်းခကျေးရွာရှိ လူနေအိမ်နှစ်လုံး၏ နံရံများ၊ ဆွတ်ရွဲ ရွာရှိ လူနေအိမ်တစ်လုံးမှ နံရံများ ပြိုကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ ပျက်စီးမှုများအတွက် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်၌ ပုစွန်မွေးမြူရေးကန်ဆိုင်ရာ EIA လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ

**မြိတ် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း၌ ပုစွန်မွေးမြူရေးကန်ပေါင်း ၆၄ ကန်ဖြင့် ဆောင်ရွက်နေသည့် ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဒေသခံပြည်သူများအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းကို ဇူလိုင် ၂၂ ရက်က မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ခေတ်မီရေငန်ပုစွန်မွေးမြူရေးစီမံကိန်းနှင့်ပတ်သက်ပြီး EIA လုပ်ငန်းစဉ်၏ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကို E Guard Environmental Services က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ဆောင်မှုများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

"ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ မြေ ၄၁၅ ဧကပေါ်မှာ ပုစွန်မွေးမြူရေးကန်ပေါင်း ၆၄ ကန်ရှိပါတယ်။ တစ်နှစ်ဆိုရင် အနည်းဆုံးတန် ၃၀၀၀ ကနေ ၃၅၀၀ အကြား ဖမ်းယူထုတ်လုပ်နိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ ဝန်ထမ်းပေါင်း ၃၅၀ အထိ အလုပ်ဖန်တီးပေးထားနိုင်ပါတယ်။ ပုစွန်မွေးမြူရေးလုပ်ဆောင်ထားရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားမှုနဲ့ ပတ်သက်ပြီးတော့ ကျေးရွာသူ ကျေးရွာသားတွေလည်း သိရှိအောင် ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ ပတ်သက်ပြီး အတိုင်းအတာတွေ၊ ကျေးရွာအတွက် ဘယ်လိုကောင်းကျိုးတွေရှိနိုင်မလဲဆိုတာ ကုမ္ပဏီ၊ ဒေသခံနဲ့ တတိယအဖွဲ့အစည်းတို့ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးကြတာဖြစ်ပါတယ်" ဟု ပြည်ဖြိုးထွန်း ရေငန်ပုစွန်မွေးမြူရေးမှ မန်နေဂျာ ဦးမိုးကျော်ဟန်က ပြောသည်။

ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ဒေသခံများက ကျေးရွာဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအနီးတွင် ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပုစွန်ကန်တူးဖော်ပြီးနောက် ဒီရေအတက်အကျရှိသောနေရာများတွင် ဒီရေတောပျိုးပင်ပေါင်း ၈၀၀၀၀ ခန့်ကို ပြန်လည်စိုက်ပျိုးထားပြီးဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မြင့်ဦး(မြိတ်)**



## တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား ဇူလိုင် ၂၃**

ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကိုကိုစန်းမောင်နှင့် ဒုတိယဦးစီးမှူးများ၊ အခြေခံ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ ပါဝင်သည့် RRT (အရေးပေါ်တုံ့ပြန်ရေးအဖွဲ့)များသည် မြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်း၍ တိရစ္ဆာန်ရောဂါ စူးစမ်းထောက်လှမ်းခြင်း၊ ဒေသခံပြည်သူများအား မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောခြင်း၊ တိရစ္ဆာန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် သွေးနမူနာများ ရယူ၍ ဓာတ်ခွဲခန်းသို့ ပို့ဆောင်ခြင်းစသည့် တိရစ္ဆာန်ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဇူလိုင် ၂၂ ရက်တွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## စနစ်ကျလယ်ယာမြေတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ



**မြန်အောင် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်းက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က လဟာပေါက်ကျေးရွာအုပ်စုရှိ စနစ်ကျ ဧက ၄၀၀ ကွင်း၌ ပြုလုပ်သည်။

ယခုနှစ် မိုးရာသီတွင် မြန်အောင်မြို့နယ်အတွင်း ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၂၀ စိုက်ပျိုးပေးနိုင်ခဲ့ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ သန်မာ၍ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းကို စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းနှင့် ကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဖြိုးဝေထွန်းက ရှင်းလင်းပြောကြား၍ ကောက်စိုက်စက်ဖြင့် လက်တွေ့မောင်းနှင် စိုက်ပျိုးသရုပ်ပြခဲ့သည်။

သရုပ်ပြပွဲသို့ မြန်အောင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

**ဝင်းမိုလ်**

**(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်မီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၅** တရုတ်ကာတွန်း 'ပန်းနုဂါးမိုးလေတံတား' (အပိုင်း-၁)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** 'သီချင်းနိုင်ငံယာရီ-၃' မြန်မာပြည်သိန်းတန် တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု
**၁၃:၀၀** အသိပညာနှင့်အမှန်တရား 'မှတ်သားစရာကျင့်ဝတ်များ'
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် 'ဝင္ကပါ' (ခင်မောင်ဇင်၊ ကြည်ကြည်ငွေ)
**၁၆:၅၀** ရှောင်ကြဉ်ကြစို့အစဉ်ကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသိရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၀၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၅** ဆေးရောင်စုံရုပ်ရှင် 'လွမ်းလို့ကျန်ရစ်ခဲ့မှာကို အားနာပါတယ်လေ' (ရဲအောင်၊ စိုးမြတ်သူဇာ၊ မို့မို့မြင့်အောင်)

**mitv**

**07:02** Evergreen Classic : Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:11** Kyeik Paw Law Pagoda
**07:19** Myanmar Traditional Instruments - Myanma Harp (Episode-2)
**07:43** Clam Farming
**08:01** Making OfNawarat Rings
**08:16** Today Myanmar: Diving at Archipelagos (Kawthaung)
**08:33** Robe Business in Ta Ma Ta Kaw
**08:47** Chef Life: Tun Tun
**09:01** News
**09:26** Global Partnership for Brighter Future: Portugal Pavilion at Expo 2020 Dubai
**09:34** Insight Myanmar: Manuscription (Epi-3) Preservation of Ancient Manuscript
**09:54** The Art of Making Paper Toys

**MRTV NRC**

**အရှေ့တောင်မိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ကရင်ရိုးရာလုံချည်
**အရှေ့မိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကျွန်တော်တို့ရွာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဆီးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ဘုံတာလာရေတံခွန်အကြောင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(သင်ခန်းစာ)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပွိုင့်ကမ်းခြေ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ဘီးမှန်ပြုလုပ်နည်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ပိုးမွေးမြူရေးနှင့်ခေါက်ဆွဲနွဲ့အကြောင်း)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၄:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၅၀** မင်းဘူးဒေသထွက်ကညွတ်သီးနှံ
**၀၈:၂၀** ပြုပန်းဝေဖြာတို့တောရွာအမှိုက်ထဲကရွှေ
**၀၈:၅၀** ရောဝတီမြစ်ကမ်းပါးပေါ်က ရှမ်းကလေးကျွန်းအလှ
**၀၉:၁၅** ချိုမြိန်သောဘဝများရဲ့နှင်းဆီ
**၀၉:၄၀** ဝင်ငွေတိုးစေဖို့ရယ်စပ်မျိုးဖရုံစိုက်ကြမယ်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းရင်းဆေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲတက်ရောက်



**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေး စီမံချက်များတွင် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုသည့် တက္ကသိုလ်၏ရည်မှန်းချက်များ ပေါက်မြောက်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ တေးသီချင်းသရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း၂၀ နှင့် တက္ကသိုလ်များ အားကစားအဆင့်အတန်း မြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီးနောက် အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ သင်ကြားရေး ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျောင်း၏ လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသည်။

ယခု တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ယနေ့အချိန်အထိ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(B.M.T.M) ပုံမှန်ဘွဲ့ရရှိသူ ၁၄၆၈ ဦး၊ (B.M.T.M) ပေါင်းကူးဘွဲ့ရရှိသူ ၁၈၀၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (M.M.T.M) ရရှိသူ ၈၇ ဦးတို့ကို မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့စျေးကွက်ပေါက်စျေးများ

၂၃-၇-၂၀၂၂

**ရွှေ**

၂၃-၇-၂၀၂၂ စျေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၂၀၆၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၅ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၉၅ ကျပ် | ၁၇၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၅၀ ကျပ် | ၁၇၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၇၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၃၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၄၅ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၅၈ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၃၀၀ | ၇၃၀၀ | ၅၇ | ၄၁၆၁၀၀ |
| MTSH | ၂၅၅၀ | ၂၅၅၀ | ၂၈၈၀ | ၇၃၄၄၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၃ | ၂၁၆၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၇ | ၁၂၂၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀၀ | ၂၄၅၀၀၀ |
| EFR | ၂၅၅၀ | ၂၅၀၀ | ၂၀ | ၅၀၃၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ငါးသယံဇာတများကို ထိခိုက်စေနိုင်သဖြင့် မွေးမြူခွင့်မပြုထားသည့် ငါးမျိုးစိတ်များ

ပင်လယ်ပြာ(ငါးဦးစီး)

**နိုင်ငံ၏ သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်း မဟုတ်သည့်ငါးမျိုးများ မွေးမြူမှုကို တားမြစ်ထားသည့်အတွက် သိရှိနိုင်စေရန် ဖော်ပြပေးလိုက်ပါသည်။**

**အာဖရိကငါးခူ**

သိပ္ပံအမည် – Clarias gariepinus

အင်္ဂလိပ်အမည် – African catfish

မြန်မာအမည် – အာဖရိကငါးခူ

တွေ့ရှိရာဒေသ – တောင်အာဖရိကတိုက် အရင်းအမြစ်



အသားစားကြူးသည့် အာဖရိကငါးခူ (Clarias gariepinus) သည် သဘာဝသယံဇာတများကို ပျက်စီးစေကြောင်း၊ ဒေသခံငါးမျိုးများကို ပြုန်းတီးစေကြောင်း ငါးလုပ်ငန်းဦးစီးဌာနက တွေ့ရှိရသဖြင့် လက်ရှိ သားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက် သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း စသည်တို့ကို မပြုလုပ်ကြရန် တားမြစ်ထားပါသည်။

ငါးအရှင်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့် မျိုးစေ့များကို တင်သွင်း၊ တင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရရှိရန် လိုအပ်ခြင်းမှာ နိုင်ငံအတွင်းရှိ ရေနေသတ္တဝါများ၊ ဒေသရင်းငါးမျိုးများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေနေဂေဟစနစ်များအပေါ် လွှမ်းမိုးခြင်း၊ ပြုန်းတီးစေခြင်းစသည်များကို ကာကွယ်ရန်အတွက် လိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

**ပြည်ပငါးရံ့**

သိပ္ပံအမည် – Channa micropeltes

အင်္ဂလိပ်အမည် – Toman Giant Snakehead

မြန်မာအမည် – ပြည်ပငါးရံ့

တွေ့ရှိရာဒေသ – အရှေ့တောင်အာရှနိုင်ငံများ၊ မဲခေါင်မြစ်ဝှမ်း တစ်လျှောက်အနောက်ပိုင်း



မျိုးရင်း Channidae တွင် အကြီးဆုံးမျိုးစိတ်ဖြစ်ပြီး အရှည် ၁ ဒသမ ၅ မီတာ (၄ ဒသမ ၉ ပေ) နှင့် အလေးချိန် ၂၀ ကီလိုဂရမ် ရှိပါသည်။ ပြည်ပငါးရံ့သည် အသားစားကြူးခြင်းကြောင့် သဘာဝမြစ်ချောင်း၊ ကန်များတွင် မွေးမြူထားသော ငါးများကို စားသုံးနိုင်ခြင်း၊ ရှင်သန်ရာဘဝစက်ဝန်းအဆင့်ဆင့်တွင် အခြားသောငါးများထက် ပို၍စားသုံးနိုင်ခြင်းတို့သည် ငါးမွေးမြူရေးလုပ်ငန်းကို ထိခိုက်စေနိုင်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မပါဘဲ မည်သူမျှပြည်တွင်းရှိ ငါးသယံဇာတများကို ပျက်စီးစေပြီး ဒေသခံတိုင်းရင်းငါးမျိုးများကို ပြုန်းတီးစေသည့် ပြည်ပငါးရံ့မျိုးများကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့ လွှတ်ခြင်းစသည်တို့ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်း ခံရမည် ဖြစ်ပါသည်။

**ပြည်ပမျိုးစိတ် အလှမွေးငါး(ပီးကော့)**

သိပ္ပံအမည် – Cichla ocellaris

အင်္ဂလိပ်အမည် – Peacock bass

မြန်မာအမည် – ပီးကော့

တွေ့ရှိရာဒေသ – တောင်အမေရိက



ပီးကော့ငါး၏အရှည်မှာ ၇၄ စင်တီမီတာ (၂၉ လက်မ) အထိရှိပြီး အခြားသော Cichla မျိုးကွဲများနှင့် မျိုးစပ်နိုင်ပါသည်။ အသားစားငါးမျိုးဖြစ်ပြီး ကြီးမားသောပါးစပ်ဖြင့် အစာကို လျင်မြန်စွာစားသုံးနိုင်ခြင်း၊ အခြားသော ငါး/ ပုစွန်ငယ်များအား အလွယ်တကူစားနိုင်ခြင်းနှင့် ၎င်းငါးမျိုးစိတ်များသည် မျိုးရိုးဗီဇကြောင့်သော်လည်းကောင်း၊ အစာစားပုံ အလေ့အထကြောင့်သော်လည်းကောင်း အချိန်တိုအတွင်း အလျင်အမြန်ကြီးထွားနိုင်ခြင်းကြောင့် ပြည်တွင်းရှိ ငါးသယံဇာတများကို ပျက်စီးစေပြီး ဒေသခံတိုင်ရင်းငါးမျိုးများကို ပြုန်းတီးစေသည့်အတွက် ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့လွှတ်ခြင်းစသည်တို့ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

**စုပ်ခွက်ငါး**

သိပ္ပံအမည် – Hypostomus plecostomus

အင်္ဂလိပ်အမည် – Suckermouth catfish

မြန်မာအမည် – စုပ်ခွက်ငါး (သို့) လေယာဉ်ပျံငါး

တွေ့ရှိရာဒေသ – တောင်အမေရိက



အရှည်ဆုံးအလျား ၁၉ လက်မနှင့် အလေးချိန် ၂၀ ကျပ်သားအထိ ကြီးထွားနိုင်ပါသည်။ အလှမွေးငါးအဖြစ်မွေးမြူရန်နှင့် အလှမွေးငါးကန်များတွင် ရေညှိရေမှော်များ ရှင်းလင်းရန်အတွက် ပြည်ပမှ တင်သွင်းလာသည့် စုပ်ခွက်ငါးများသည် ယခုအခါ မြန်မာနိုင်ငံ၏ မြစ်ချောင်းများတွင် ပျံ့နှံ့ရုံသာမက ငါးမွေးမြူရေးကန်များအတွင်း ဝင်ရောက်မှုကြောင့် လုပ်ငန်းရှင်များ အရှုံးပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်း၊ ဒေသတွင်း တိုင်းရင်းငါးမျိုးစိတ်များ၏ မျိုးပြန့်ပွားမှုကို အဟန့်အတားဖြစ်စေခြင်းများကို တွေ့ရှိနေရသည်။

ထို့ကြောင့် အလှမွေး စုပ်ခွက်ငါးများကို မွေးမြူရာတွင် ပြင်ပသို့ လွှတ်ထွက်စေခြင်း မရှိစေရေးနှင့် စုပ်ခွက်ငါးများကို သဘာဝရေပြင်တွင် တွေ့ရှိပါက ရေသတ္တဝါအစာ အစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုကြရန်/ သင့်လျော်သောနည်းလမ်းဖြင့် ဖယ်ရှားဖျက်ဆီးကြပါရန် ပညာပေးနှိုးဆော်စာများ ထုတ်ပြန်ထားရှိသည်။ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့လွှတ်ခြင်း စသည်တို့မပြုလုပ်ကြရန် တားမြစ်ထားပြီး တားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ ။

> **"ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မပါဘဲ မည်သူမျှ ပြည်တွင်းရှိ ငါးသယံဇာတများကို ပျက်စီးစေပြီး ဒေသခံတိုင်းရင်းငါးမျိုးများကို ပြုန်းတီးစေသည့် ပြည်ပငါးရံ့မျိုးများကို ပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်း၌ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ(မြစ်၊ ချောင်း၊ အင်းအိုင်) များသို့ လွှတ်ခြင်းစသည်တို့ မပြုလုပ်ကြရန် တားမြစ်ထား"**

# မိုးကြိုစိုက်ပျိုးသောနှမ်းများ စတင်ရိတ်သိမ်းချိန် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရ

**မင်းဘူး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင် မိုးကြိုကြဲပက်ထားသော နှမ်းများ ရင့်မှည့်နေပြီဖြစ်၍ စတင်ရိတ်သိမ်းနေပြီဖြစ်ကာ မိုးဦးကောင်းမွန်သောကြောင့် အပင်များ အောင်မြင်ဖြစ်ထွန်းပြီး အသီးများရင့်မှည့်၍ နုတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်းမွန်သည့်အပြင် ဈေးကောင်းရရှိနေကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်မှ တောင်သူများသည် နှမ်းများ မစိုက်ပျိုးမီအချိန်က ပင် ထယ်ရေးဖမ်းကာ မြေများနုပ်ထားပြီး မိုးများစတင် ဖြိုင်ဖြိုင်ရွာချိန်တွင် နှမ်းများကို ကြဲပက်ကာ အပင်ပေါက်များ ကောင်းမွန်၍ အပင်ဖြစ်ထွန်းမှု အရှိန်မပျက်ဘဲ အပွင့်ပွင့်ချိန် သီးလုံးများဖြစ်ထွန်းချိန်အထိ မိုးရွာသွန်းမှု ကောင်းမွန်သောကြောင့် နှမ်းများ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

မိုးကြိုနှမ်းများကို မေလဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ရာ နှမ်းများဖြစ်ထွန်းပြီး အပင်များ ကောင်းမွန်လျက်ရှိသောကြောင့် တစ်ဧကလျှင် တင်း ၂၀ ထွက်ရှိကာ ယခုနှစ် မိုးနှမ်းစိုက်ပျိုးသူများ စားသုံးဆီ ဖူလုံရုံသာမက နှမ်းဈေးများမှာလည်း နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဈေးရရှိ၍ တွက်ခြေကိုက်ကာ နှမ်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြသောကြောင့် တိုးချဲ့စိုက်ပျိုးလာကြရာ မင်းဘူး(စကု)တစ်မြို့နယ်လုံး၌ ၅၇၄၀၅ ဧကအထိ စိုက်ပျိုးထားကြကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။ **ဇေယျာထက်(မင်းဘူး)**



# ရေတာရှည်မြို့နယ်၌ မကြုံစဖူးမိုးခေါင်၍ စပါးစိုက်တောင်သူများ အခက်အခဲများစွာကြုံတွေ့နေ

**ရေတာရှည် ဇူလိုင် ၂၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နှစ်ပေါင်းများစွာအတွင်း မကြုံစဖူး မိုးခေါင်နေခြင်းကြောင့် စပါးစိုက်ပျိုးထားသည့် တောင်သူများ အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မိုးစပါးများ စတင်စိုက်ပျိုးကတည်းက ထွန်ယက်စရိတ်များ ကြီးမြင့်ခြင်း၊ လယ်ယာလုပ်သားခ ကုန်ကျစရိတ်များ မြင့်မားခြင်းတို့ ကြုံတွေ့ရပြီး ယခုနှစ်တွင် မိုးခေါင်ခြင်းကြောင့် စပါးစိုက်ခင်းများ၌ မျိုးမပေါက်၍ ထပ်ကာထပ်ကာ စိုက်ပျိုးကြရခြင်းများ ရှိခဲ့ရာ ထွန်ယက်ခ၊ မျိုးစရိတ်များ ထပ်မံကုန်ကျမှုများ ကြုံတွေ့ခဲ့ကြသည်။ ထို့ပြင် စပါးပင်ဖျက် ခရုများ ကျရောက်ခြင်းကြောင့်လည်း စပါးခင်းများကို ထပ်မံစိုက်ပျိုးရကြောင်း သိရသည်။ ယခုနှစ် စိုက်ပျိုးရာတွင် သွင်းအားစုအတွက် ကုန်ကျစရိတ်များပြားသည့်အပြင် လက်ရှိတွင် မိုးခေါင်မှုကြောင့် လယ်မြေများ ပက်ကြားအက်ကာ ပျိုးပင်များ လက်ကြားခွဲမရ၍ စပါးခင်းများ ဖာထေးမရခြင်း၊ စပါးပျိုးများ နုတ်မရ၍ မစိုက်ပျိုးနိုင်ခြင်း၊ ပေါင်းပင်များ ပေါက်ရောက်ခြင်းအပြင် စိုက်ပျိုးပြီးသော စပါးခင်းများတွင် မြေသြဇာ ကြဲပက်၍မရခြင်း စသည်တို့ကြောင့် တောင်သူများ အနေဖြင့် စပါးအပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်း လျော့ကျမည်ကိုလည်း စိုးရိမ်နေကြသည်။

"မိုးလုံးဝ မရွာတာ တစ်လနီးပါးဆိုတော့ စပါးခင်းတွေ ရေပြတ်ပြီး မြေကြီးတွေတောင် ပက်ကြားကွဲတွေ ဖြစ်ကုန်ပြီ။ အချို့ တောင်သူတွေကတော့ ရေတင်စရာရှိလို့ ရေစုပ်စက်နဲ့ တင်ကြတယ်။ အချို့တောင်သူတွေကျတော့ ရေတင်စရာကိုမရှိတော့ မိုးကိုပဲ ထိုင်မျှော်ရတော့တာပဲ" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။


မိုးမရွာ၍ ပက်ကြားအက်နေသည့် လယ်မြေများ။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့နှင့် တောင်သူများ ဇူလိုင် ၁၈ ရက်တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွာဆည်တမံမှ ရေပေးဝေနိုင်ရေးတွင် ရေသိုလှောင်ထားခြင်း မရှိသည့်အတွက် ရေပေးဝေ၍ မရနိုင်ကြောင်း၊ အခြားသောနည်းလမ်းများအနေဖြင့် လယ်ကွက်များအတွင်း ရေတွင်းများ တူးဖော်၍ စက်ဖြင့် တင်နိုင်သော်လည်း တောင်သူအများစုမှာ ကုန်ကျငွေကို မတတ်နိုင်ကြောင်း၊ ထို့ကြောင့် မိုးရွာသွန်းမှသာ တောင်သူများအနေဖြင့် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မန္တလေးတိုင်းဒေသကြီး၌ မိုးရာသီ ဆီထွက်သီးနှံစိုက်ဧက ၁၃ သိန်းကျော် လျာထားစိုက်ပျိုးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီးမှ ခရိုင် ၁၁ ခုတွင် ယခုနှစ် မိုးရာသီအတွင်း ဆီထွက်သီးနှံ စိုက်ဧက ၁၃ သိန်းကျော်ကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောကြားသည်။

မိုးဆီထွက်သီးနှံများကို ခရိုင် ၁၁ ခုရှိ မြို့နယ်အလိုက် စိုက်ပျိုးကြရာတွင် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာ စသည့် ဆီထွက်သီးနှံ ဧက ၁၃ သိန်းကျော် လျာထား၍ မေလဆန်းမှစ၍ စတင်စိုက်ပျိုးခဲ့ရာ ဇူလိုင်



ပထမပတ်အထိ စိုက်ပျိုးပြီးစီးမှုမှာ မိုးမြေပဲ ဧက ၁၅၅၀၂၀၊ မိုးနှမ်း ၉၀၂၆၅၄ ဧက၊ မိုးနေကြာ ၂၁၀၇၃ ဧက စုစုပေါင်း ၁၀၇၈၇၄၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက် အဓိက ရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ။ တိုင်းဒေသကြီး အတွင်းမှာတော့ ဆီဖူလုံမှုရှိပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံမှာ မြေပဲအပြင် နေကြာ၊ နှမ်း၊ ပန်းနှမ်းနဲ့ ဆီမုန်ညင်းများကိုလည်း စိုက်ပျိုးကြပါတယ်"ဟု ဦးစီးအရာရှိက ရှင်းပြသည်။

မိုးဆီထွက်သီးနှံများကို တိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်၊ ကျောက်ဆည်၊ ညောင်ဦး၊ တံတားဦး၊ မဟာအောင်မြေ၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ သပိတ်ကျင်း၊ အမရပူရ၊ အောင်မြေသာစံခရိုင်များတွင် ၁၃၆၁၀၉၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ချင်းဈေးကောင်းရရှိရန် ပင်လောင်းမြို့နယ်မှ ချင်းစိုက်တောင်သူများ မျှော်လင့်နေ

**နောင်တရား ဇူလိုင် ၂၃**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းမှ ချင်းစိုက်တောင်သူများအနေဖြင့် ယခုနှစ်စိုက်ပျိုးသည့် ချင်းဥမနှင့် ချင်းအသစ်များ ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိသော်လည်း ယခုအချိန်အထိ ဈေးကောင်းမရသေးကြောင်း သိရသည်။

ပေါ့အင်ကျေးရွာအုပ်စု လွယ်တက်ကျေးရွာမှ တောင်သူတစ်ဦးက "အရင်နှစ်က ချင်းဈေး တစ်ပိဿာ ကျပ် ၁၀၀ ကနေ ၃၀၀ ဈေးနဲ့ပဲ ဝယ်ကြတော့ မရောင်းဖြစ်ဘူး။ အကုန်ပြန်စိုက်လိုက်တယ်။ ဒီနှစ်လည်း အခုအချိန်ထိ ချင်းဈေး မတက်လာဘူး။ အောင်ပန်းကုန်စည်ဒိုင်မှာ တစ်ပိဿာ ကျပ် ၃၀၀ ကနေ ၅၀၀ အထိပဲ ရောင်းရတယ်။ ပွဲစားခ၊ ကားခ၊ အလုပ်သမားခ နုတ်ရင် တစ်ပိဿာ ၁၀၀ လောက်ပဲကျန်တယ်။ ချင်းဥမလည်းဈေးကောင်းမရ၊ ချင်းသစ်လည်း ဈေးကောင်းမရရင်တော့ ရှုံးပြီပေါ့။ ချင်းစိုက်တာ ကုန်ကျစရိတ်သက်သာလို့ တော်သေးတယ်။ အခုလိုပေါက်ဈေးနဲ့သာဆို အများကြီး ရှုံးမှာ" ဟု လွယ်တက်ကျေးရွာမှ ချင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုရာသီတွင် ချင်းဥမများကို ပြန်လည်တူးဖော်လျက်ရှိပြီး လုပ်သားခနှင့် မြေသြဇာဈေးနှုန်းကြောင့် စိုက်ပျိုးရေးစရိတ်မှာ ယခင်နှစ်များထက် မြင့်မားနေပြီး ချင်းဈေးကောင်းရရှိရန် တောင်သူများက မျှော်လင့်နေကြသည်။


နောင်တရားမြို့နယ်မှ ချင်းစိုက်ခင်းတစ်ခင်း။

ပင်လောင်းမြို့နယ် နောင်တရားဒေသ၌ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို အောင်ပန်းကုန်စည်ဒိုင်မှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလျက်ရှိပြီး စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကောင်းရရှိရန်၊ အာမခံချက်ရရှိရန်နှင့် စိုက်ပျိုးရေး ကုန်ကျစရိတ်သက်သာစေရန်လည်း မျှော်လင့်လျက်ရှိကြောင်း အဆိုပါ တောင်သူက ပြောသည်။

**ခွန်အောင်(နောင်တရား)**

# ထိုင်းနိုင်ငံသို့ ပို့ကုန်လမ်းကြောင်းများ ပွင့်လန်းနေပြီး ပြောင်းဈေးကွက် အခက်အခဲမရှိ လည်ပတ်နေ

**အင်္ဂပူ ဇူလိုင် ၂၃**
ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့ရောင်းချသည့် လမ်းကြောင်းများ ပွင့်လန်းနေသည့်အတွက် ပြောင်းဈေးကွက် အခက်အခဲမရှိ လည်ပတ်နေကြောင်း အစေ့ထုတ်ပြောင်း ကိုယ်တိုင်တင်ပို့ရောင်းချနေသူများထံမှ သိရသည်။

"အိတ်စပို့လမ်းကြောင်းတွေ ကောင်းရင်တော့ တောင်သူတွေလည်း ဈေးကောင်းရတာပေါ့။ ဟိုတုန်းကတော့ တရုတ်နိုင်ငံဘက်ကို တင်ပို့ရောင်းချနိုင်ဖို့ပဲ အဓိက အားထားခဲ့ကြရတယ်။ အခုတော့ ထိုင်းနိုင်ငံဘက်ကို တင်ပို့ရောင်းချတဲ့ ကုန်သွယ်လမ်းတွေ ပွင့်လာလို့ ဈေးကွက်အခက်အခဲ သိပ်မရှိပါဘူး။ အရင်ကတော့ တရုတ်ကို တင်ပို့တာများတယ်၊ အခုနောက်ပိုင်း ထိုင်းနိုင်ငံဘက်က ဝယ်တာများတယ်။ ပြောင်းဆန်ဈေးနှုန်းတွေကတော့ နိုင်ငံတကာ ငွေကြေးဈေးနှုန်းတက်ရင်တက်သလို ကျရင်ကျသလို ပြောင်းဈေးလည်း အတက်အကျရှိနိုင်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်မှ အစေ့ထုတ်ပြောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နေသူ ကိုဇော်နိုင်ဦးက ပြောသည်။

ဈေးကွက်ပြတ်လပ်မှုနည်းပါးသည့် အစေ့ထုတ်ပြောင်းကို သီးနှံပေါ်ချိန်အတွင်း ဒေသအရောက် လိုက်လံဝယ်ယူသည့် ပွဲစား/ကုန်သည်များလည်းရှိနေပြီး ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ ချိန်ဆရောင်းချကြကြောင်း သိရသည်။

"သီးနှံပေါ်လာချိန်ဆိုတာနဲ့ လိုက်ဝယ်တဲ့ ကုန်သည်ပွဲစားတွေရှိတယ်။ တချို့ကျတော့လည်း ဈေးကောင်းချိန်ရောက်တဲ့အထိ အိမ်မှာပဲ လှောင်ထားကြတယ်။ ဒိုင်တွေမှာ အပ်ထားတဲ့လူတွေလည်း ရှိသလို တချို့ကျတော့လည်း ပွဲရုံတွေကို တင်ပို့ကြတယ်။ ဧရာဝတီမြစ်ရေတက်လာချိန်၊ ဈေးကွက်ကောင်းရတဲ့အချိန်ကို စောင့်ပြီးမှ ရောင်းကြသူတွေလည်း ရှိတယ်။ ကျွန်တော်တို့ဒေသက အစေ့ထုတ်ပြောင်းတွေကို ဟိုတုန်းကတော့ ဟသ်ာတကိုပဲ အဓိကထားပို့တယ်။ အခုနောက်ပိုင်းကျတော့ ဇလွန်ဝယ်လက်၊ နေဖြူဝယ်လက်ဆိုပြီးတော့ ရွာတွေအထိ ဆင်းလာဝယ်ကြတဲ့ ကုန်သည်ပွဲစားတွေ ရှိလာတယ်။ ဒီနှစ်ပြောင်းဈေးက စပေါ်တုန်းက ပိဿာ ၂၀ တစ်တင်းကို ရွာဈေး ကျပ် ၁၈၅၀၀ ရတယ်။ အခုတော့ ၂၀၅၀၀ ဖြစ်သွားပြီ"ဟု ကိုဇော်နိုင်ဦးက ဆက်ပြောသည်။

ယခုနှစ်သည် ဓာတ်မြေသြဇာဈေးနှင့် စက်သုံးဆီဈေးများ မြင့်တက်နေသည့် နှစ်တစ်နှစ်ဖြစ်၍ အစေ့ထုတ်ပြောင်း စိုက်ဧကလျော့ကျနိုင်ခြင်း၊ ပြောင်းဆန်အထွက်နှုန်း လျော့နည်းခြင်းများ ရှိနိုင်ပြီး ယခင်နှစ်ကထက် အစေ့ထုတ်ပြောင်း ဈေးကောင်းရရှိနိုင်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ သိရသည်။

**နန်းထက်ထက်ချစ်**

# ပင်းတယမြို့နယ် ကျေးရွာများမှထွက်သည့် ကြက်သွန်ဖြူဥတစ်လုံးများ ဈေးကောင်းရရှိ

**ပင်းတယ ဇူလိုင် ၂၃**
ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အနီးရှိ ကျေးရွာများတွင် စိုက်ပျိုးထားသည့် ဆေးဖက်ဝင် ကြက်သွန်ဖြူဥတစ်လုံးများ ဈေးကောင်းရရှိသဖြင့် စိုက်ပျိုးတောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့အနီးမှ လယ်ပြင်၊ တံတားကြီး၊ ရွှေပုထိုး၊ ကျောက်စု၊ ကိုးလုံး၊ ကောင်းဘို့ စသည့်ကျေးရွာများတွင် ကြက်သွန်ဖြူအမြွှာမျိုးများကို ဧကအများအပြား စိုက်ပျိုးထားကြသော်လည်း ကြက်သွန်ဖြူ ဥတစ်လုံးကိုမူ စိုက်ပျိုးသူနည်းပါးကြောင်း၊ ကြက်သွန်ဖြူ ဥတစ်လုံးများကို တိုင်းရင်းဆေးများဖော်ရာတွင် ထည့်သွင်းအသုံးပြုရခြင်းကြောင့် ရိုးရိုးအမြွှာကြက်သွန်ဖြူထက် ဈေးကောင်းပိုမိုရရှိခြင်းဖြစ်ကြောင်း၊ ပေါ်ဦးပေါ်ဖျားက ကြက်သွန်ဖြူဥတစ်လုံး တစ်ပိဿာလျှင် ကျပ် ၇၀၀၀ အထိ ဈေးရရှိခဲ့ကြောင်း၊ ယခုအခါ ကြက်သွန်ဖြူ ဥတစ်လုံးများ လှိုင်လှိုင်ထွက်ရှိနေသလို ဈေးနှုန်းမှာလည်း မြင့်တက်နေကြောင်း သိရသည်။

ကြက်သွန်ဖြူဥတစ်လုံးများစိုက်ပျိုးရာတွင် စိုက်ပျိုးပြီး ခြောက်လခန့်တွင် တူးဖော်ရောင်းချနိုင်ပြီး ယခင်နှစ်က တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်သာ ဈေးရခဲ့ကာ ယခုနှစ်တွင်မူ ပွဲရုံဈေးတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင် ရရှိနေကြောင်း၊ အရွယ်အစားအပေါ်မူတည်၍ အသေးစား တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ အလတ်စား ကျပ် ၆၅၀၀ နှင့် အကြီးဆုံး၊ အကောင်းဆုံး ရှယ်သန့်မှာ ကျပ် ၈၀၀၀ ခန့်အထိ ဈေးကောင်းရနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**အေးအေးလတ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) များ ထည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၂၃**

ကယားပြည်နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) များအား Software Program ဖြင့် ထည့်သွင်းနေမှုကို လွိုင်ကော်မြို့ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၊ ကွန်ပျူတာခန်းမ၌ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ- ၆၆/၆) များ တိကျမှန်ကန်မှုရှိစေရေး အတွက် ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၏ နိုင်ငံသားကိုယ်ရေးမှတ်တမ်း အချက်အလက်များကို e-ID စနစ်ဖြင့် Software အသုံးပြုကာ Database အတွင်း ထည့်သွင်းသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ e-ID စနစ်ဖြင့် Software အသုံးပြုကာ Database အတွင်း ထည့်သွင်းသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ဇူလိုင် ၁၈ ရက်မှစတင်၍ ရက်ပေါင်း ၆၀ အတွင်း အိမ်ထောင်စု လူဦးရေစာရင်းစုစုပေါင်း ၆၅၀၁၁ ကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင် (လွိုင်ကော်)**



# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ခြောက်ခန်းတွဲ လေးထပ် အိပ်ဆောင် တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ နံနက်စာစားသုံးနေမှုကို ကြည့်ရှုပြီး ပြေးခုန်ပစ် အားကစားသမားများ၊ မျက်မမြင်ဂိုးဘော အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် GYM အားကစားခန်းမတွင် လေ့ကျင့်နေသော အလေးမ အားကစားသမားများနှင့် ထိုင်လျက်ဘော်လီဘော အားကစားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** နည်းပြ၊ အားကစားသမားများနှင့် တွေ့ဆုံ၍ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အစွမ်းကုန် ကြိုးစားကြရန်နှင့် ဆုတံဆိပ်များရရှိပါက နိုင်ငံတော်မှ ဂုဏ်ပြုဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည် ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်စေရန်အတွက် စနစ်တကျ နေထိုင်၊ စားသောက်ရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ရေကူးကန်အရှေ့တွင် တည်ဆောက်မည့် ပေ(၁၂၀ x ၄၀) အမိုးပါ အထူးတန်း နှစ်ထပ်ပွဲကြည့်စင် တည်ဆောက်ရန် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ဥက္ကလာပရှိပဒေသာအားကစားကွင်း၌ ပြေးခုန်ပစ် Systhetic ပြေးလမ်း ဖောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ပေ (၁၅၀ x ၆၀) ရှိ ဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင် တည်ဆောက်မည့် မြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရုံးဟောင်းတွင် ကျင်းပသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေ တစ်လလျှင် ဆန် ၁၀ အိတ် ခြောက်သိန်းနှုန်းဖြင့် ကိုးလစာအတွက် ငွေကျပ် ၅၄ သိန်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများနှင့် နေ့လယ်စာ အတူစားသုံးကြောင်း သိရသည်။

**သတင်းစဉ်**

# စံချိန်တင်ဂိုးရလဒ်ဖြင့် ဟံသာဝတီအသင်း နိုင်ပွဲပြန်လည်ရရှိ

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့အဖြစ် ဟံသာဝတီအသင်းနှင့် GFA အသင်းတို့ ဇူလိုင် ၂၃ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဟံသာဝတီအသင်းက ၁၀ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၄)မှ ပထမဆုံးနိုင်ပွဲရရှိထားသည့် GFA အသင်းသည် ယခုပွဲတွင် မထင်မှတ်သည့်ရလဒ်ဖြင့် အရေးနိမ့်ပြီး ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။ ရာသီအစအဖွင့်ပွဲတွင် အနိုင်ရပြီးကတည်းက သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် ဟံသာဝတီအသင်းသည် ယခုပွဲတွင် စံချိန်တင်ဂိုးရလဒ်ဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် စံချိန်တင် ၁၀ ဂိုးသွင်းပြီး အနိုင်ရခဲ့သလို စိုးကျော်ကျော်နှင့် အောင်မြတ်သူတို့မှာလည်း ဟက်ထရစ် ရရှိခဲ့သည်။

ဟံသာဝတီအသင်းသည် ပွဲချိန်ပြည့် တိုက်စစ်အားပြုကစားခဲ့ပြီး ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုး သွင်းယူနိုင်ခဲ့သည်။ ငါးပွဲစီကစားအပြီးတွင် ဟံသာဝတီအသင်းက ခုနစ်မှတ်၊ GFA အသင်းက သုံးမှတ် ရရှိထားသည်။ ပွဲစဉ် (၅) ဒုတိယနေ့ကို ဇူလိုင် ၂၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း မပါဝင်

**ရန်ကုန် ဇူလိုင် ၂၃**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

ဇူလိုင်လ ဒုတိယပတ်ကပြုလုပ်သည့် ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးတွင် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ပါဝင်မည့် အားကစားနည်းများ ထုတ်ပြန်ခဲ့ရာ ဖူဆယ်အားကစားနည်း ပါဝင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုး သာ ပါဝင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့၍ နောက်ဆုံးကျင်းပခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအထိ ခြောက်ကြိမ်သာ ပါဝင်ခဲ့သည်။ ၂၀၀၇ ထိုင်းဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၃ မြန်မာဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၂ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပါဝင်သည်။

**ကိုညီလေး**

# ထိုင်းလိဂ်-၁ နှင့် ၂ ကလပ်များ မြန်မာကစားသမားများကို ခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၃**

ထိုင်းလိဂ်-၁ နှင့် လိဂ်-၂ ကလပ်အသင်းများသည် မြန်မာကစားသမားများကို ခေါ်ယူလျက်ရှိပြီး နောက်ခံလူ ငြိမ်းချမ်းနှင့် ဂိုးသမား မျိုးမင်းလတ်တို့ကို ထပ်မံခေါ်ယူခဲ့သည်။

မြန်မာ့လက်ရွေးစင် ဂိုးသမား မျိုးမင်းလတ်မှာ ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သည်။ မျိုးမင်းလတ် အသင်းပြောင်းရွှေ့နိုင်ရန် ရှမ်းယူနိုက်တက်အသင်းက နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းပေးခဲ့သည်။ မျိုးမင်းလတ်သည် မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်ကူးပြောင်းပြီးနောက်ပိုင်း ပထမဆုံး ပြည်ပထွက်ကစားခွင့်ရသူ ဖြစ်လာသည်။ ရတ်ချာဘူရီအသင်းသည် မြန်မာနောက်ခံလူ ဟိန်းဖြိုးဝင်းကိုလည်း ခေါ်ယူထားသည်။

ထိုင်းလိဂ်-၂ ကလပ် ရနောင်းယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင် နောက်ခံလူ ငြိမ်းချမ်းကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ငြိမ်းချမ်းသည် ပြည်ပကလပ်အသင်းတွင် ပထမဆုံး သွားရောက်ကစားခြင်းဖြစ်သည်။ ငြိမ်းချမ်းသည် ရခိုင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့တွင်ကစားခဲ့ပြီး ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားရန် ရှမ်းယူနိုက်တက်အသင်းနှင့် နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ လာမည့် ရာသီတွင် ထိုင်းလိဂ်-၁၊ လိဂ်-၂ နှင့် လိဂ်-၃ ကလပ်အသင်းအသီးသီးတွင် မြန်မာကစားသမားများ ပါဝင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ အောက် လျှောက်ထားလာပါက ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၂)ကို ဇူလိုင် ၂၁ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က အမှာစကားပြောကြား ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများအရ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းနှင့် အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လျှောက်ထားလာပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စိစစ်ထောက်ခံချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ စိစစ်ထောက်ခံတင်ပြပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများတွင် ဧက ၃၀၀ အောက်နှင့် ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ အောက် လျှောက်ထားလာပါက ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေး လျက်ရှိကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်တင်ပြလာသည့် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များအား ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရန်အချက်များကို အသေးစိတ်ရှင်းတင်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

## ဟားခါးမြို့တွင်း၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆွေးနွေး

**ဟားခါး ဇူလိုင် ၂၃**

ချင်းပြည်နယ် ဟားခါးမြို့ရှိ အထင်ကရ နေရာများဖြစ်သော တော်လှန်ရေးရေကန် ပန်းခြံ၊ ဟားခါး-ဂန်ဂေါလမ်းပေါ်ရှိ View Point၊ မြို့သစ်ရပ်ကွက်ရှိ ဂေါက်ကွင်းနှင့် လွတ်လပ်ရေးကျောက်တိုင် စသည့်နေရာများတွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး အစည်းအဝေးကို ဇူလိုင် ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးမြို့တော်၏ သမိုင်းဝင်နေရာများဖြစ်သော တော်လှန်ရေးရေကန်အပါအဝင် အများပြည်သူစိတ်ဝင်စားသည့် နေရာများကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေပြီး ဒေသခံပြည်သူများသာမက အခြား တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားသားများပါ လာရောက်အပန်းဖြေ အနားယူနိုင်သည့် နေရာဖြစ်စေရေး အဆင့်မြှင့်တင်နိုင်ရန် ဝိုင်းဝန်းအကြံပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟားခါးမြို့ သန့်ရှင်းသာယာလှပရေးကော်မတီဥက္ကဋ္ဌ သယံဇာတရေးရာ ဝန်ကြီး ဦးကျော်ငြိမ်းက မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်မည့် လုပ်ငန်းများအတွက် ကော်မတီ ဖွဲ့စည်းထားပြီးဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအတိုင်းအတာနှင့် ရန်ပုံငွေ ပမာဏ အတည်ပြုချက်ရရှိပါက ကော်မတီဝင် အားလုံးက အမြန်ဆုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြီး တာဝန်ရှိသူများက လုပ်ငန်းလျာထားချက်နှင့် ကုန်ကျမည့် ခန့်မှန်းရန်ပုံငွေ တွက်ချက်မှု၊ ဒေသပေါက်ဈေးနှင့် တွက်ချက်မှုအရ ခန့်မှန်းကုန်ကျငွေ၊ ရန်ပုံငွေလိုအပ်ချက် အခြေအနေနှင့် ဆွေးနွေးဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ **ခရိုင်(မြန်/ဆက်)**



ဟားခါးမြို့ သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ရေးဆိုင်ရာများကို ဌာနဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းဆွေးနွေးစဉ်။

## မူဆယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မူဆယ် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အ.ထ.က (၃) ကျောင်းရွှေရတုခန်းမ၌ ကျောင်းသူကျောင်းသားများ အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးမြင့်ထွေးက အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ အားကစားကို အချိန်ပေးပြီး ပြုလုပ်သင့်ကြောင်းနှင့် အားကစားပြုလုပ်ခြင်းကြောင့် ကျန်းကျန်းမာမာနေရကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများ အကြောင်း၊ စာများများဖတ်ရန်၊ ကျောင်းမှန်မှန်တက်ရန်၊ ဗဟုသုတတိုးပွားကြွယ်ဝစေရန် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းများထားရမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ပြီး ကျောင်းကောင်စီ သီချင်းဆိုကာ ဟောပြောပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင် မောင်းနှင်စေရေးနှင့် ကလေးအသက်ကယ်ထိုင်ခုံအသုံးပြုရေးနှိုးဆော်ချက်

(နည်းဥပဒေ ၃၁၇၊ ၃၁၈ နှင့် ၃၁၉)

၁။ မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါပုဂ္ဂိုလ်များသည် အသက်ကယ်ထိုင်ခုံ ခါးပတ်ပတ်ထားရမည် -

(က) လူစီးယာဉ်၊ ကျောင်းကြိုပို့ယာဉ် (School Bus)၊ အဝေးပြေးခရီးသည်တင်ယာဉ် (Express Bus) တို့တွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူအားလုံး၊

(ခ) မြို့တွင်းခရီးသည်တင်ယာဉ် (City Bus Mini Bus) တွင် ယာဉ်မောင်းနှင်သူ၊

(ဂ) ကုန်တင်ယာဉ်နှင့် အခြားယာဉ်များတွင် ယာဉ်မောင်းနှင်သူနှင့် ယာဉ်မောင်းသူ၏ ဘေးတွင် လိုက်ပါစီးနင်းသူ။

၂။ ယာဉ်မောင်းနှင်သူသည် အသက်ကယ်ကယ်ထိုင်ခုံခါးပတ်ပတ်ထားရမည့်သူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ကို စနစ်တကျ တပ်ဆင်စေပြီးမှ မောင်းနှင်ရမည်။

၃။ မော်တော်ယာဉ်ပေါ်တွင် အသက်(၁၀)နှစ်အောက် ကလေးငယ်ပါရှိပါက ကလေးအသက်ကယ်ထိုင်ခုံ အသုံးပြုရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၂၂-၆-၂၀၂၂ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၈-၂၀၂၂ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီအချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ရပ်ကွက် / ကျေးရွာ တည်နေရာများ ကောက်ယူခြင်းဆင့်ပွားသင်တန်းဖွင့်

**မူဆယ် ဇူလိုင် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်ခရိုင်ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအဖြစ် ArcGIS Survey 123 Software အသုံးပြု၍ ရပ်ကွက်/ကျေးရွာ တည်နေရာ point များ ကောက်ယူခြင်း ဆင့်ပွားသင်တန်းကို မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ယနေ့ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က သင်တန်းနှင့်ပက်သက်ပြီး ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် Mobile Tablet Update ပြုလုပ်ခြင်း၊ Software ထည့်သွင်းခြင်း၊ Viber account ဖွင့်ခြင်း၊ Group ဖွဲ့ခြင်းနှင့် ရပ်ကွက်/ကျေးရွာ တည်နေ point ကောက်ယူခြင်းများကို ဇူလိုင် ၂၄ ရက်အထိ လက်တွေ့သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသို့ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်း ၃၂ ဦး တက်ရောက်သည်။ **ထွန်းလင်း (ပြန်/ဆက်)**



## အမ်းမြို့နယ်၌ မြေသားရေကန်ဆောင်ရွက်နိုင်ရေးစစ်ဆေး

**အမ်း ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် အမ်းမြို့နယ် လောင်းဒုံးကွင်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေသားရေကန်ဖြစ်မြောက်ရရှိရေးအတွက် ဇူလိုင် ၂၂ ရက်က အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ကျေးရွာများမှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးတွင် တင်ပြချက်အရ အမ်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီ (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဌေးလွင်တို့သည် အထက်ပါကျေးရွာသို့ မြေသားရေကန် တစ်ကန် ရရှိဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**အောင်လှဖြူ**

### ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ တရုတ်တန်းအကွက်၊ ဦးပိုင်အမှတ်(၆၀က)၊ မြေဧရိယာ(၀ဒသမ၀၅၉)ဧကရှိ မြေကွက်အား အရှေ့ဘက်-တရုတ်တန်းလမ်း၊ အနောက်ဘက်-ဦးပိုင်အမှတ်(၅၉)၊ တောင်ဘက်-ဦးပိုင်အမှတ်(၆၀ခ)၊ မြောက်ဘက်-ဈေးကြီးလမ်းရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဒေါ်စီစီမြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါကကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ သထုံမြို့**

### ဘိုးဘပိုင်မြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်(၇)၊ နတ်ကျွန်းအကွက်၊ ဦးပိုင်အမှတ်(၉ဃ)၊ မြေဧရိယာ ၀ဒသမ ၂၂၈ဧကရှိ မြို့မြေအား အရှေ့ဘက်-နတ်ကျွန်းလမ်း၊ အနောက်ဘက်-ဦးပိုင်အမှတ်(၈ဓ+၈ဃ)၊ တောင်ဘက်-ဦးပိုင်အမှတ်(၉င)၊ မြောက်ဘက်-ဦးပိုင်အမှတ်(၉ခ)ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးတင်မောင်ထွန်း+ဒေါ်ရီရီချို တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်နေ့ မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4671 FORLAND D/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဝင်း ၇/ပမန(နိုင်)၁၄၈၉၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/72619 Jialing C90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၇/သကန(နိုင်)၀၂၁၁၂၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9I/1494 Hyundai Porter II PickUp(4x2)L ယာဉ်လက်ဝယ်ရှိသူ U Than Myint Oo 12/Ou Ka Ma (N) 171384 က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ။**

**မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ။**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ နိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၇၂၁)၊အကျယ်အဝန်း(၄၁ပေ × ၆၀ပေ)ရှိ ဦးတင်လှိုင်(BV-၀၃၂၇၀၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၁၁၉/၂၀၂၂)အရ ပိုင်ဆိုင်ထားသူ ဒေါ်စောရီ(၁၂/ဥကမ(နိုင်) ၀၄၄၄၂၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၀၃/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကြိုင် (၁၄/ဝခမ(နိုင်)၂၃၅၈၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သရေတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၁)၊ ကွင်းအမည် (ဂရံကွင်း)၊ ဦးပိုင်အမှတ်(၁/၃၆)၊ အကျယ်အဝန်း (၁၁.၄၃)ဧကရှိ ဦးချန်ပီယန် (၁၂/တတန (နိုင်) ၀၇၃၁၆၈) အမည်ပေါက် ပုံစံ-၇ လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးချန်ပီယန် (၁၂/တတန (နိုင်) ၀၇၃၁၆၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆ |

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ သခင်ဖိုးလှကြီးလမ်း၊ မြေကွက်အမှတ်(၈၁၁)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်သန်းနွဲ့(PYU-၀၀၇၃၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းနွဲ့နှင့် ခင်ပွန်းဖြစ်သူဦးမျိုးညွန့်တို့ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ သားသမီး(၂)ဦးဖြစ်သော ဦးဝေခင်ဦး(၁၂/အစန(နိုင်)၀၀၇၈၂၆)နှင့် ဒေါ်စံသာညွန့် (၁၂/ကတတ (နိုင်)၀၀၃၁၁၂)တို့(၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

### ဒေါ်သင်းဇံဖြူသိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးပေါက်ကျော် ၉/အမရ(နိုင်) ၀၀၇၇၀၁၏ ညွှန်ကြားချက်အရ ဒေါ်သင်းဇံဖြူ(ဘ)ဦးလှထွန်း ၉/မထလ(နိုင်) ၂၂၉၆၄၁ သိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်သင်းဇံဖြူသည် ဦးပေါက်ကျော်ထံမှ ရတနာပစ္စည်းများ ဝယ်ယူခဲ့ရာတွင် ပေးဆပ်ရန်ကျန်ငွေမှာ (၄၄၆၀၀၀၀/-)(လေးဆယ့်လေး သိန်းခြောက်သောင်းကျပ်တိတိ)ဖြစ်ပါသည်။

အဆိုပါငွေကို (၃၁-၇-၂၀၂၂)နေ့ ကုန်းဆုံးသည့်အချိန်နောက်ဆုံးထား၍ လာရောက်ပေးဆပ်ရန်နှင့်ပေးဆပ်ခြင်းမရှိပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဒေါ်နီလာခိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၂၉၃၁)
ပေါက်ချောင်းရင်း၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၅၇၅၂၄၁၃၅

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၃၃၀ ဆူ | ၃၉၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆.၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဦးထွန်းဖလမ်း၊ မြေကွက်အမှတ် (၄၅၈)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဗိုလ်မှူးမျိုးမြင့်အေး (SLN–၀၀၂၈၈၉) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၄၅၇)နှင့်ကပ်လျက် အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်သူ (၁၂/သကတ (နိုင်) ၁၉၄၄၀၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇)ဗိုလ်မြင့်အောင်လမ်း၊ မြေကွက်အမှတ် (၅၆၅/ခ)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)(၀.၀၂၇၈ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်ယုဇနစိုး(၁၂/ဗဟန(နိုင်)၀၁၈၅၃၀)နှင့် ဒေါ်ဖြူလှဲ့လှဲ့စိုး(၁၂/ဒဂရ(နိုင်)၀၀၅၆၉၁ )တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)
Hein Htet San Law Firm

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)
ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပုဇွန်တောင်မြို့နယ်၊ 66 / 11- 6.6 kV, 2 x 30 MVA Transformer & 66 kV GIS ပုဇွန်တောင်ပန်းခြံ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းအား ( ပစ္စည်း + လုပ်ငန်း ) ပုတ်ပြတ်(Tunrkey) စနစ် မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၆.၇.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၄.၁၀.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးလှအောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း (၄၀x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ မြေကွက်အမည်ပေါက်သူ ဦးလှအောင်အနေဖြင့် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း ချုပ်ဆိုမပေးပါက သက်ဆိုင်ရာတရားရုံးတော်တွင် တရားစွဲဆိုဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စောမွန်ချို (ဘ) ဦးချိုမော်(ခ)ဦးအောင်ကျော်ဦး
၅/ မရန(နိုင်)၁၇၅၄၃၂
အမှတ်(၂၇)၊ ပေပင်ကျောင်းလမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့
ဖုန်း–၀၉–၉၅၇၃၀၀၅၅၅

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

